# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဓမ္မပဒ(ဓမ္မပဒ-၁၈၂)


၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်နေ့ | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်( ၀၉၄)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



## ကလောမြို့ မောမြေဦးပန်းခြံ၌ ပထမအကြိမ် ပန်းပွဲတော်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ ကလောမြို့ရှိ မောမြေဦးပန်းခြံ၌ ပထမအကြိမ် ပန်းပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါ ပန်းခြံရှေ့၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က ပန်းပွဲတော်တွင် နိုင်ငံခြားဖြစ် ပန်းမျိုးစိတ်များအပါအဝင် ဒေသထွက်ပန်းမျိုးစိတ်များကို ပြသထားရှိပါကြောင်း၊ ထို့ပြင် ပွဲတော်တွင် သစ်ခွဥယျာဉ်နှင့် ပန်းအမျိုးအစားများစွာကို အသုံးပြု၍ မြေယာရှုခင်းအလှများ ပုံဖော်ပြသထားပါကြောင်း၊ လာရောက်လည်ပတ်သူများအတွက် စာအုပ်စာစောင်များ အနားယူဖတ်ရှုနိုင်မည့် စာကြည့်တိုက်ပါဝင်ပြီး အလှဓာတ်ပုံ ရိုက်ကူးရန် နေရာများစွာကိုလည်း စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ အားကစားကွင်းနှင့် ကလေးကစားကွင်းများ၊ ဒေသထွက်အစားအစာ အရောင်းဆိုင်များလည်း ပါဝင်သည့်အတွက်

*စာမျက်နှာ ၃ ကော်လံ ၁* ❑

### ယနေ့ ဖတ်စရာ


**လွတ်လပ်ရေးနှင့် ဖွံ့ဖြိုးမှု၏ အနှစ်သာရနှင့်အတူ** — ဆောင်းပါး — စာ ၆

**နှစ်သစ်မင်္ဂလာ ပျော်ရွှင်ပေါ့ပါး မီးရထားဖြင့် ခရီးသွား** — ပြည်တွင်းသတင်း — စာ ၉

**ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလျက်ရှိသည့် တရုတ်နိုင်ငံ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေး တက္ကသိုလ်** — ဆောင်းပါး — စာ ၁၀

**ယူရိုဇုန်သို့ ၂၁ နိုင်ငံမြောက် အဖြစ် ဘူလ်ဂေးရီးယားနိုင်ငံ ဝင်ရောက်** — နိုင်ငံတကာသတင်း — စာ ၁၄


### ၁-၁-၂၀၂၆ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| လွိုင်လင်မြို့ | ၂.၁ | ၃၅.၈ |
| နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) | ၂.၂ | ၃၆.၀ |
| ဟဲဟိုးမြို့ | ၂.၄ | ၃၆.၃ |
| ပင်လောင်းမြို့ | ၃.၄ | ၃၈.၁ |
| ဟားခါးမြို့ | ၄.၃ | ၃၉.၇ |
| မိုင်းယန်းမြို့ | ၅.၅ | ၄၁.၉ |
| သီပေါမြို့ | ၅.၉ | ၄၂.၆ |
| တီးတိန်မြို့ | ၆.၀ | ၄၂.၈ |
| လွိုင်ကော်မြို့ | ၆.၁ | ၄၃.၀ |
| ပူတာအိုမြို့ | ၇.၅ | ၄၅.၅ |

## ဒလမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် နွေစပါး လက်တွေ့စိုက်ပျိုး

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးအား မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် လက်တွေ့စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ အခမ်းအနားကို ယနေ့နံနက်က ရွှေလှေချောင်ကျေးရွာ အုပ်စု တောင်သူ ဒေါ်နန်းအေးထွမ်း ပိုင်ဆိုင်သည့် လယ်မြေဧက ၁၈.၀၀ ၌ ပြုလုပ်သည်။ (ဓာတ်ပုံ)

ဦးစွာအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ဝန်ကြီးဌာန ကိုယ်စားပြု ခရိုင်ရုံး၊

*စာမျက်နှာ ၃ ကော်လံ ၄* ❂



## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



# စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများ ဂုဏ်ပြုပွဲနှင့် နှစ်သစ်ကူး ညစာ စားပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀)ပြည့် ပတ္တမြားရတုအထိမ်းအမှတ်အခမ်းအနား၊ သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အခမ်းအနားနှင့် စွမ်းအင်ပြတိုက်ဖွင့်ပွဲတို့ကို အောင်မြင်စွာ ကျင်းပခဲ့သည့်အတွက် ဝန်ထမ်းများ ဂုဏ်ပြုပွဲနှင့် နှစ်သစ်ကူး ညစာစားပွဲကို ယမန်နေ့ညနေပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရေနံ့သာခန်းမအပေါ်ထပ်၌ ကျင်းပသည်။

ဂုဏ်ပြုပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ရေနံမြေ၊ စက်ရုံများနှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးခွဲများရှိ အရာထမ်း၊ အမှုထမ်းများက Video Conferencing ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် ၂၀၂၅ ခုနှစ်အတွင်း မိမိတို့လုပ်ငန်းတာဝန်များကို ကျရာအခန်းကဏ္ဍမှ ကြိုးကြိုးစားစား ဆောင်ရွက်ခဲ့ကြသည်ကို အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း၊ လာမည့် ၂၀၂၆ ခုနှစ်မှ နောင်နှစ်များစွာ နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ၂၀၂၅ ခုနှစ်သည် စွမ်းအင်ဝန်ကြီးဌာန၏ နှစ်(၄၀) ပြည့် ပတ္တမြားရတုကျရောက်သည့် နှစ်တစ်နှစ်ဖြစ်သလို သန်လျင်ရေနံချက်စက်ရုံ၏ နှစ်(၁၀၀) ပြည့်မြောက်သည့်နှစ် ဖြစ်သည့်အတွက် ဂုဏ်ပြုသောအားဖြင့် စွမ်းအင်ပြတိုက်အား အောင်မြင်ခမ်းနားစွာ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ အခမ်းအနားကို အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့သည့်အတွက် အမြဲတမ်းအတွင်းဝန်နှင့် အဘက်ဘက်မှ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း။



**ပိုမိုတိုးတက်အောင်မြင်အောင်ကြိုးစား**

“2025, the Year of Myanmar Energy” ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ အောင်မြင်မှုများအနေဖြင့် အလားအလာကောင်းသည့် ရေနံမြေသစ်များရှာဖွေနိုင်ခဲ့ခြင်း၊ သက်တမ်းရင့်ရေနံမြေများရှိ ပါးလွှာသဲကြောများတွင် ခေတ်မီနည်းပညာအသုံးပြု၍ လေ့လာသုတေသနပြုလုပ်ပြီး ဆောင်ရွက်ခဲ့ရာမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ခြင်း၊ “ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့” ဆောင်ပုဒ်နှင့်အညီ ပြည်တွင်းထုတ် RON 68 နှင့် RON 77 ဓာတ်ဆီတို့အား ချိုသာသော ဈေးနှုန်းဖြင့် သုံးစွဲသူပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးနိုင်ခြင်း၊ နိုင်ငံအတွက်လိုအပ်သည့် ရေနံထွက်ပစ္စည်းများအား ပြည်တွင်းတွင် ကိုယ်တိုင်ချက်လုပ်သုံးစွဲနိုင်မည့် သန်လျင်ရေနံချက်စက်ရုံဝင်းအတွင်း တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ငါးသိန်း ချက်လုပ်နိုင်သော ရေနံချက်စက်ရုံအား ပထမအဆင့်အနေဖြင့် တည်ဆောက်နိုင်ခြင်း၊ ဒုတိယအဆင့် အနေဖြင့်လည်း တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် သုံးသန်း ချက်လုပ်နိုင်သော ရေနံချက်စက်ရုံအား တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်နိုင်ခဲ့ခြင်း၊ သက်တမ်းရင့် ရေနံမြေများတွင် ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ရေနံအထွက်တိုးရေး ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းများသည် ၂၀၂၅ ခုနှစ်၏ အောင်မြင်မှုရလဒ်များ ဖြစ်ပါကြောင်း၊ နောင်နှစ်များတွင်လည်း ယခုနှစ်အောင်မြင်မှုများ၏အားကို ရယူပြီး ပိုမိုတိုးတက်အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများအား နှစ်သစ်ကူးအကြို ကမ်စမ်းမဲဖောက်ပေးပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်၍ နှစ်(၄၀)ပြည့် ပတ္တမြားရတု အထိမ်းအမှတ်အခမ်းအနား၊ သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အခမ်းအနားနှင့် စွမ်းအင်ပြတိုက် ဖွင့်ပွဲအခမ်းအနားတို့ကို အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးဆောင်ရွက်နိုင်ခဲ့သည့် အမြဲတမ်းအတွင်းဝန်အား ဆုချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန နှစ်(၄၀) ပြည့် ပတ္တမြားရတု အထိမ်းအမှတ်အခမ်းအနား၊ သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အခမ်းအနားနှင့် စွမ်းအင်ပြတိုက်ဖွင့်ပွဲ အခမ်းအနားတို့တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကို နှစ်သစ်ကူး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



❏ *ရှေ့ဖုံးမှ*

အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများနှင့် ပန်းချစ်သူများအနေဖြင့် ကလောမြို့ ပန်းပွဲတော်သို့ ဝင်ကြေးအခမဲ့ဖြင့် လာရောက်လည်ပတ် အပန်းဖြေလေ့လာနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပန်းပွဲတော်ကို ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ စစ်ဦးစီး တက္ကသိုလ်(ခေတ္တ) ကျောင်းအုပ်ကြီး၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဖွင့်ပွဲတွင် ပါဝင်ဖျော်ဖြေပေးကြသည့် ဘင်ခရာတပ်ဖွဲ့နှင့် တိုင်းရင်းသားစာပေယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ပြီး ပန်းပွဲတော်ကို လှည့်ကြည့်ရှုကြသည်။ အဆိုပါ ပန်းပွဲတော်ကို ဇန်နဝါရီ ၁ ရက်မှ ၁၅ ရက်အထိ ဝင်ကြေးအခမဲ့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

❂ *ရှေ့ဖုံးမှ*

ခရိုင်ဦးစီးမှူး ဦးခင်မောင်မြင့်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်နိုင်မိုးက ကွင်းသရုပ်ပြပွဲ နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် တောင်သူများက မျိုးစေ့ချကိရိယာ (Drum Seeder) ဖြင့် နွေစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ဝန်ကြီးဌာန ကိုယ်စားပြုခရိုင်ရုံး၊ ခရိုင်ဦးစီးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ စုစုပေါင်းအင်အား ၉၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်စန္ဒာမြင့်**

**(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁**

မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

ဘင်္ဂလား ပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်း၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း နေပြည်တော်ပျဉ်းမနားမြို့ မီးဘေးသင့်ပြည်သူများသို့ ကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် နေပြည်တော်ကောင်စီဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ရဲမိုး၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့နှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနားမြို့ ရန်အောင်(၂)ရပ်ကွက် ရန်နိုင်ရပ် နယ်မြေ(၁၆) မီးဘေးသင့်ပြည်သူများကို သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မီးဘေးသင့် အိမ်ထောင်စု ၆၀၊ လူဦးရေ ၃၀၈ ဦးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ထောက်ပံ့သောဆန်ရိက္ခာဖိုး၊ အိမ်ပျက်စီးမှုထောက်ပံ့ကြေး၊ အိမ်အသုံးအဆောင်ပစ္စည်းများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ ရေသန့်နှင့် ခေါက်ဆွဲခြောက်ထုပ်များ စုစုပေါင်း ငွေကျပ် ၂၅၇ သိန်းခန့်တန်ဖိုးရှိ ငွေနှင့် ပစ္စည်းများကို အိမ်ထောင်စုအလိုက်၊ လူဦးရေအလိုက် ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆောင်းရာသီကာလ အေးချမ်းသောရာသီဖြစ်၍ ဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့အနေဖြင့် မီးဘေးသင့်ပြည်သူများ နွေးထွေးစွာ အိပ်စက်နိုင်ရေးအတွက် မြေခင်းများ၊ စောင်များ အစရှိသည့် အိပ်ရာပစ္စည်းများကို ချက်ချင်းစီစဉ်ပေးခဲ့ပါကြောင်း၊ ယခုလည်း စခန်း၌ နေထိုင်စဉ်ကာလ နေ့စဉ်စားသောက်ရေးကို ဒေသအုပ်ချုပ်ရေးအဖွဲ့များ၊ တာဝန်ရှိသူများက စနစ်တကျ စီစဉ်ပေးလျက်ရှိပါကြောင်း၊ မီးဘေးသင့်ပြည်သူများအနေဖြင့်လည်း နေထိုင် စားသောက်ရေး၊ သန့်ရှင်းသောအစားအစာနှင့် သောက်သုံးရေ စနစ်တကျသုံးစွဲရေးတို့အတွက် တာဝန်ရှိသူများနှင့်အတူ ဝိုင်းဝန်းလုပ်ဆောင်နေထိုင်နိုင်ရေးတို့ကို အားပေးမှာကြားကာ မီးလောင်မှုဖြစ်ပွားရာ ရန်အောင်(၂) ရပ်ကွက် ရန်နိုင်ရပ် နယ်မြေ(၁၆)၊ မီးလောင်ပြင်သို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သိပ္ပံပွဲတော်ကျင်းပရေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ မအောင်မြင်သူများအတွက် အလုပ်အကိုင်ရရှိရေး အထောက်အကူပြု အတတ်ပညာကျွမ်းကျင်မှု သင်တန်းများဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

သိပ္ပံပွဲတော်(Science Festival) ကျင်းပရေးနှင့် တက္ကသိုလ်ဝင် စာမေးပွဲမအောင်မြင်သူများအတွက် အလုပ်အကိုင်ရရှိရေး အထောက် အကူပြုအတတ်ပညာကျွမ်းကျင်မှု (Skilled Labour) သင်တန်းများ ဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေး ကို ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီး ဌာန ရုံးအမှတ်(၁၃)ရှိ အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဝန်ကြီးရုံးနှင့် အဆင့်မြင့်ပညာဦးစီးဌာန၊ ဆရာ အတတ်ပညာဦးစီးဌာန၊ လေ့လာ ဆန်းစစ် အကဲဖြတ်ရေးဦးစီးဌာန တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်း အတွင်းဝန်များ တက်ရောက်ကြ ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ် များမှ ပါမောက္ခချုပ်များ၊ ကျောင်း အုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ် များနှင့် ပါမောက္ခများက အွန်လိုင်း ဖြင့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယ ဝန်ကြီးက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြား ချက်အရ သိပ္ပံပွဲတော် (Science Festival)ကို ပြပွဲ၊ ပြိုင်ပွဲ၊ ဈေးရောင်း ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပရေး၊ တက္ကသိုလ်ဝင်စာမေး ပွဲ မအောင်မြင်သူများအတွက် အလုပ်အကိုင်ရရှိရေး အထောက် အကူပြုအတတ်ပညာကျွမ်းကျင်မှု (Skilled Labour) သင်တန်းများ ဖွင့်လှစ်ရေး၊ မူလတန်းပြ ဆရာ ဆရာမ များအတွက် အင်္ဂလိပ်စာ အရည်အသွေးမြှင့်တင်မှုသင်တန်း များဖွင့်လှစ်ရေး၊ မြန်မာနိုင်ငံ ဝိဇ္ဇာ နှင့်သိပ္ပံပညာရှင်အဖွဲ့ သုတေသန ညီလာခံကျင်းပရေး ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး သည်။



ထို့နောက် တက်ရောက်လာ ကြသည့် ပါမောက္ခချုပ်များ၊ ပါမောက္ခများက ဆောင်ရွက်ပြီးစီး မှုအခြေအနေကို ဆွေးနွေးတင်ပြ ကြရာ ဒုတိယဝန်ကြီးက အကြံပြု ဆွေးနွေး ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# “ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၁**

“ချစ်စရာ့အရွယ် ကစားကြမယ်” ကလေးအစီအစဉ်ကို MRTV – HD Channel မှ အပတ်စဉ် စနေနေ့ တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၃ ရက်၊ စနေ နေ့ နေ့လယ် ၁၁ နာရီတွင် ရန်ကုန် မြို့၊ လှိုင်သာယာ အမှတ်(၃) မူလ တန်းကြိုကျောင်းနှင့် ရွှေပြည်သာ အမှတ်(၁)မူလတန်းကြိုကျောင်း တို့မှ ကလေးငယ်များ ပါဝင်ကစား ကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသမည် ဖြစ်သည်။




အဆိုပါအစီအစဉ်ကို ကလေး များ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ် ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေး ငယ်များအချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံ တတ်စေရန်ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ အသံနှင့်ရုပ်မြင်သံကြားနှင့် လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်း ဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်း ကြည့်ရှုနိုင်မည် ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက် လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက် ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင် ဇန်နဝါရီ ၄ ရက်၊ တနင်္ဂနွေနေ့ နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ MRTV – HD Channel တွင် ဇန်နဝါရီ ၅ ရက်၊ တနင်္လာနေ့ ညနေ ၄ နာရီသတင်းအပြီးတွင် လည်းကောင်း ထပ်မံပြသမည်ဖြစ် ကြောင်း သိရသည်။

**သတင်းစဉ်**

# “ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ” မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇန်နဝါရီ ၁**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များ အကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတ ရရှိနိုင်စေရန် ရည်ရွယ်ချက်များဖြင့် သဘင်ပညာရှင် များ၏ အနုပညာရသစွမ်းရည်များ ဖော်ထုတ်ပြသ မည့် “ ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ ” အစီအစဉ် ဆန်းသစ်တင်ဆက်မှုကို အပတ်စဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV– HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။


“ငါးရာ့ငါးဆယ်ဇာတ်တော် ကောက်နုတ်ချက် ဇာတ်လမ်းများ” အစီအစဉ်တွင် “မလျှော့သော ဇွဲ၊လုံ့လ၊ ဝီရိယများကြောင့် အရာရာအောင်နိုင်ခြင်း” ကို ဖော်ပြထားသည့် စူဠကာလိင်္ဂဇာတ်တော် အပိုင်း (၂)ကို နန်းတော်ရှေ့ဆရာတင်၏ မျိုးဆက်သဘင် ပညာရှင် ဦးနန်းဝင်းမှ ရေးသားပူဇော်ပြီး နန်းဝင်းနှင့် စုလှိုင်နှင်းတို့ ဦးဆောင်ကာ ထက်မြက်အောင်၊ ရန်ရှင်းမောင်၊ တူးနိုင်း၊ လကျော်၊ လင်းမြတ်အောင်၊ အောင်သွေးသစ်၊ ဖြူဖြူနှင်းဆီ၊ ဖူးပွင့်ရွှေရည်လှိုင်၊ သဲစုနိုင်၊ ပိုးပိုးအိမ်၊ ပန်းကဗျာနှင့် ရွှေနန်းသဘင် အဖွဲ့သားများက ပါဝင်ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။။




အဆိုပါ အစီအစဉ်ကို MRTV–HD Channel မှ ဇန်နဝါရီ ၃ ရက်၊ စနေနေ့ ည ၉ နာရီတွင် ထုတ်လွှင့် ပြသမည်ဖြစ်ပြီး ဇန်နဝါရီ ၇ ရက်၊ ဗုဒ္ဓဟူးနေ့ ည ၉ နာရီတွင်လည်း Replay ထပ်မံပြသမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**



**နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တည်ငြိမ်အေးချမ်းရေးအတွက် အဆိုပါ နိုင်ငံတွင်ရှိသည့် ပြည်သူတစ်ဦးချင်းစီသည် အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ် ဗဟုသုတပြည့်ဝကြရန် လိုပါတယ်။ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီစနစ်ကို ကူးပြောင်းနေသည့်အချိန်တွင် တိုင်းရင်းသားပြည်သူအားလုံး အနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် အမှားအမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့် လူမျိုးကောင်းကျိုးများကို သယ်ပိုးရွက်ဆောင်နိုင်ကြရန် အရေးကြီးပါတယ်။**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၈-၉-၂၀၂၅ ရက်၊ ထားဝယ်မြို့တော်ခန်းမဖွင့်ပွဲတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးဝန်ထမ်းမိသားစု အားကစားပြိုင်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁**

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းမိသားစု အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်းရှေ့ ရင်ပြင်ကျယ်၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ထက်မြက်လာစေပြီး လွတ်လပ်ရေးကို အမြတ်တနိုးတန်ဖိုးထားတတ်စေရန်၊ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစား မြှင့်တင်ရေးကို အထောက်အကူပြုစေရန်၊ ကျန်းမာကြံ့ခိုင်သော ရုံးဝန်ထမ်းများဖြစ်စေရန်၊ ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် စုပေါင်းဆောင်ရွက်စေသည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် အားကစားစိတ်ဓာတ်များ ရှင်သန်နိုးကြားစေရန် ရည်ရွယ်၍ ယခုအားကစားပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ပြိုင်ပွဲတွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများမှ အားကစားနည်းအလိုက် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများအတိုင်းလိုက်နာ၍ စနစ်တကျ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြရန် လိုအပ်ပါကြောင်း၊ အနိုင်အရှုံးသည် အဓိကမကျဘဲ နိုင်သူလည်းပြုံး၊ ရှုံးသူလည်းပျော်နှင့် ချစ်ကြည်ရင်းနှီးမှုပိုစေခြင်း၊ ဝန်ထမ်းများအားလုံး စည်းလုံးညီညွတ်စွာဖြင့် လွတ်လပ်ပေါ့ပါး၍ ပျော်ရွှင်စေခြင်းများရရှိနိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

အားကစားပြိုင်ပွဲတွင် အာလူးကောက်ပြိုင်ပွဲ၊ ကြက်ဥဇွန်းကိုက်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲ၊ မီတာ ၅၀ အပြေးပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ အပ်ထိုးပြိုင်ပွဲ၊ ခြေပူးပြိုင်ပွဲ၊ မီတာ ၂၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ စသည့် အားကစားနည်းစုံလင်စွာဖြင့် ပွဲစဉ်အလိုက်ကျင်းပရာ ပြိုင်ပွဲဝင်များက အနိုင်မခံအရှုံးမပေးသည့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် ခွဲမလျှော့တမ်း အားကြိုးမာန်တက် ပါဝင်ယှဉ်ပြိုင်ကြပြီး တာဝန်ရှိသူများနှင့် ဝန်ထမ်းမိသားစုများက သောင်းသောင်းဖြဖြ အားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက အားကစားပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြပြီးပြိုင်ပွဲဝင်များအားလုံးကို နှစ်သိမ့်ဆုများ ချီးမြှင့်ပေးအပ်သည်။



အဆိုပါအားကစားပြိုင်ပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့်အတူ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပြိုင်ပွဲဝင်များ၊ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ပျော်ရွှင်စွာ တက်ရောက်ပါဝင်ဆင်နွှဲကြသည်။

**သတင်းစဉ်**

# နိုင်ငံ့ EV ကဏ္ဍဖွံ့ဖြိုးရေးအတွက် လက်တွေ့ကျသောနည်းပညာများ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ညွှန်ကြားချက်များအတိုင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ နိုင်ငံတော်တွင် လျှပ်စစ်သုံးယာဉ်(EV) နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ ၂ တွင် ယမန်နေ့ နံနက်ပိုင်းက Hybrid စနစ်ဖြင့်ကျင်းပသည့် လုပ်ငန်းကော်မတီ(၃/၂၀၂၅) အစည်းအဝေးသို့ တက်ရောက်သည်။




ဦးစွာ ဒုတိယဝန်ကြီးက နိုင်ငံတော်တွင် နိုင်ငံတကာနှင့်တန်းတူ EV ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှသည် အဖိုးတန် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းနိုင်ရေး၊ ခေတ်မီ Smart Transportation၊ Smart City များမှသည် Sustainable Future ကို ဖော်ဆောင်နိုင်ရေး၊ စက်သုံးဆီကုန်ကျစရိတ်များ လျှော့ချနိုင်ရေး၊ ကျန်းမာရေးကောင်းမွန်စေရေး စသည့် ကောင်းကျိုးဆုလာဘ်များကို ပြည်သူလူထု ရရှိကာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံ့အနာဂတ်ကောင်းများကို ဖော်ဆောင်နိုင်ရေးတို့အတွက် ၂၀၅၀ ပြည့်နှစ်အထိ လမ်းပြမြေပုံနှင့် မူဝါဒများချမှတ်ဆောင်ရွက်နေရာ ညွှန်ကြားချက်များအတိုင်း ဌာနများပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်နေကြောင်း။

ကမ္ဘာ့ EV လောကတွင် နည်းပညာနှင့် စီးပွားရေးဆိုင်ရာပြိုင်ဆိုင်မှုများ ပြင်းထန်လျက်ရှိပြီး နိုင်ငံတော်တွင် EV သုံးစွဲမှုများ တစ်ရှိန်ထိုး မြင့်တက်လာသည်ကို တွေ့ရှိရရာ ပြည်သူတို့ EV ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့်သုံးစွဲနိုင်ရေးနှင့် နိုင်ငံ့ EV လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အထောက်အကူပြုနိုင်ရေးအတွက် လက်တွေ့ကျသော နည်းပညာများကို ဖြည့်ဆည်းပေးနိုင်ရန် မိမိတို့ကော်မတီ၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရန်၊ မြန်ဆန်စွာ ဖွံ့ဖြိုးနေသော EV နည်းပညာအရွေ့များ အတိုင်းအမီလိုက်ပါနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်ကြသည့် ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက တစ်နှစ်တာအတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာနက EV သင်တန်းများ ဖွင့်လှစ်မှု၊ EV အားသွင်းစနစ်၊ EV ဘက်ထရီနှင့် အွန်လိုင်းမှ အားသွင်းရုံ ရှာဖွေစုံစမ်းမှုနှင့် အရေးပေါ်အခြေအနေတုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ လက်ကိုင်ဖုန်းသုံးဆော့ဖ်ဝဲလ် Application များ သုတေသနလုပ်ငန်းဆောင်ရွက်မှုများ၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနက လျှပ်စစ်သုံးယာဉ်ဆိုင်ရာ မြန်မာစံချိန်စံညွှန်းများ၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဦးစီးဌာနက EV သင်တန်းများ ဖွင့်လှစ်မှုနှင့် အစိုးရစက်မှုလက်မှု သိပ္ပံများမှ ကျောင်းအုပ်ကြီးများက EV နှစ်ဘီး၊ EV သုံးဘီးနှင့် EV ပြိုင်ကားဆိုင်ရာ သုတေသနလုပ်ငန်းဆောင်ရွက်မှုများ စသည့် ကော်မတီဆိုင်ရာ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် နောက်နှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက EV နည်းပညာများ၊ အသိပညာများကို ပြည်သူများအပါအဝင် EV Stake-holders များ လက်ဝယ်အရောက် ထိရောက်ကျယ်ပြန့်စွာဖြန့်ဝေပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ဌာနများအကြား ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးနှင့် ဖွံ့ဖြိုးမှု၏ အနှစ်သာရနှင့်အတူ

ရွှေစင်

**၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက်မှလွတ်မြောက်ခဲ့ပြီး လွတ်လပ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ထို့ကြောင့် နှစ်စဉ် ဇန်နဝါရီလ ၄ ရက်နေ့တိုင်း ဦးတည်ချက်ကောင်းများဖြင့် ကျင်းပလာခဲ့သော နေ့ထူးနေ့မြတ်တစ်ခုသည် ယခုနှစ်တွင် (၇၈)နှစ် ပြည့်မြောက်တော့မည်ဖြစ်သည်။**

လွတ်လပ်ရေးသည် လူမျိုးတစ်မျိုး၏ ရှင်သန်နိုင်စွမ်း၊ ကိုယ်ပိုင်အနာဂတ်ကို ကိုယ်တိုင်ရေးဆွဲနိုင်သည့် အခွင့်အရေးတစ်ခုဖြစ်သည်။ ထို့ကြောင့်လည်း လွတ်လပ်ရေးတိုက်ပွဲဝင်သူရဲကောင်းများက အသက်ပေး၍ လွတ်လပ်ရေးကို အရယူပေးခဲ့ကြခြင်းဖြစ်သည်။ နိုင်ငံ့အချုပ်အခြာအတွက် စွန့်လွှတ်အနစ်နာခံခဲ့ကြသည့် ပုံရိပ်များက မြန်မာတိုင်း၏စိတ်ထဲတွင် ယနေ့အချိန်အထိ အားမာန်များအဖြစ် ကိန်းဝပ်နေဆဲဖြစ်ပါသည်။ ရရှိပြီးလွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ယနေ့ထိတိုင် အသက်၊ သွေး၊ ချွေး ပေးဆပ်စတေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေဆဲလည်းဖြစ်သည်။ ယခုလိုကာလတွင် ထိုကဲ့သို့ ခက်ခက်ခဲခဲရယူခဲ့ရသော လွတ်လပ်ရေးကြီးကို ကျွန်ုပ်တို့အားလုံးက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဖွံ့ဖြိုးရေးအမြင်များဖြင့် အထူးလုံ့လစိုက်၍ ပညာဉာဏ်ရှိစွာ ထိန်းသိမ်းကာကွယ် တည်ဆောက်သွားရပါလိမ့်မည်။

### လွတ်လပ်ခြင်းနှင့်အတူ ယှဉ်တွဲနေသည့် ဖွံ့ဖြိုးတိုးတက်မှု

လွတ်လပ်ရေး၏အဓိပ္ပာယ်ကို အပြည့်အဝခံစားစံစားနိုင်ရန်အတွက် လူမှုစီးပွားဘဝများ တည်တံ့ခိုင်မြဲစွာဖွံ့ဖြိုးတိုးတက်ရန် အချိန်နှင့်အမျှ ကြိုးပမ်းအားထုတ်ရန် အရေးကြီးလှသည်။ သမိုင်းတစ်လျှောက် စိန်ခေါ်မှုများ အခက်အခဲများစွာကို ကျော်ဖြတ်ခဲ့ကြရသည်။ ယနေ့အချိန်အထိ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းနေသော်လည်း နှောင့်နှေးမှုများ၊ အခက်အခဲများကား ရှိနေဆဲဖြစ်သည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ၊ တည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အခက်အခဲများစွာနှင့် ရင်ဆိုင်ဖြေရှင်းနေရသည်။

နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို ဖွံ့ဖြိုးရေးအမြင်ဖြင့် လုပ်ကြကိုင်ကြမှသာ အောင်မြင်နိုင်ပါသည်။ သဘာဝသယံဇာတများစွာရှိနေရုံဖြင့် မလုံလောက်ဘဲ အရည်အသွေးရှိသော လူ့စွမ်းအားအရင်းအမြစ်၊ ကောင်းမွန်သောစီမံခန့်ခွဲမှုနှင့် အမျိုးသားစည်းလုံးညီညွတ်မှုတို့က အခရာကျလှသည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံဖြစ်သဖြင့် စည်းလုံးညီညွတ်မှုနှင့် လုံခြုံရေး စည်းပျက်ပြားသွားပါက နိုင်ငံ့အနာဂတ်သည်လည်း မသေချာနိုင်တော့သည်ကို အထူးသတိထားရပါမည်။

ထို့ကြောင့် နိုင်ငံသားတိုင်းက မိမိလူမျိုး၊ မိမိဒေသအကျိုးသက်သက်မကြည့်ဘဲ ပြည်ထောင်စုတစ်ရပ်လုံး၏အကျိုးကို ဦးစားပေး စဉ်းစားရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့်အတူ ငြိမ်းချမ်းရေးလိုလားသော ပါတီ၊ လူ၊ အဖွဲ့အစည်းအားလုံးနှင့်လက်တွဲ၍ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်သည်။ ထိုသို့ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ခြင်းသည် ပြည်ထောင်စုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး နိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုမည်ဖြစ်ပါသည်။ လွတ်လပ်ရေးသည် အဆုံးသတ်အောင်ပွဲမဟုတ်သေး၊ အစပြုခြင်းအဖြစ်သာ မြင်သင့်ကြောင်းကို မြန်မာ့သမိုင်းက သက်သေပြသလျက်ရှိပါသည်။

### ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကသော့ချက်

ဖွံ့ဖြိုးတိုးတက်မှုဟုဆိုရာတွင် စီးပွားရေးတိုးတက်မှုတစ်ခုတည်းသာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ပါ ဘက်စုံပါဝင်ရမည့် စစ်မှန်သော ဖွံ့ဖြိုးတိုးတက်မှုကို ဆိုလိုခြင်းဖြစ်ပါသည်။ ကာလတိုအောင်မြင်မှုကိုသာ ရည်ရွယ်ခြင်းမဟုတ်ဘဲ မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ ဆက်လက်တည်တံ့နိုင်သည့် ရေရှည်ဖွံ့ဖြိုးမှုမျိုးအဖြစ် မြင်ရပါမည်။ ထို့အပြင် နိုင်ငံ၏ အဓိကအခြေခံဒေါက်တိုင်များဖြစ်သော စီးပွားရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အနက် ကဏ္ဍတစ်ခုခု နောက်ကျနေပါက နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အပြည့်အဝမရရှိနိုင်ပါ။

**လက်ရှိ မိမိတို့နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်မှာ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရေးသည် အဓိကလိုအပ်ချက်ဖြစ်နေသည်။ ငြိမ်းချမ်းရေးမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုကို အပြည့်အဝအကောင်အထည်မဖော်နိုင်သလို စည်းလုံးညီညွတ်မှုမရှိပါကလည်း ဖွံ့ဖြိုးတိုးတက်ရေးသည် အိပ်မက်အဖြစ်သာ ကျန်ရှိနေမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ချိတ်ဆက်ထားသည့် ဦးတည်ချက်တစ်ရပ်ကို ချမှတ်ထားခြင်းဖြစ်ပါသည်။ အဓိကအားဖြင့် စီးပွားရေးဖွံ့ဖြိုးမှုမရှိပါက ပြည်သူများ၏ နေ့စဉ်ဘဝသည် အခက်အခဲများစွာနှင့် ပြည့်နှက်နေကာ မကျေနပ်ချက်များစွာနှင့် ရုန်းကန်နေရမည်သာဖြစ်သည်။**

### ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး

ဤနေရာတွင် ငြိမ်းချမ်းမှု၊ စည်းလုံးမှုနှင့်ထပ်တူ ဖွံ့ဖြိုးမှု၏ ဒေါက်တိုင်တစ်ခုဖြစ်သော နိုင်ငံ့စီးပွားရေးတိုးတက်မှုမှ အခြေအနေတချို့ကို လှစ်ဟလိုပါသည်။ လယ်ယာစိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုကဏ္ဍများကို လုံလောက်သောအရင်းအမြစ်၊ ခေတ်မီနည်းပညာများဖြင့်ပေါင်းစပ်ကာ တိုးတက်အောင်ဆောင်ရွက်ရန် လိုအပ်နေပုံဖြစ်ပါသည်။ သို့မှသာ နိုင်ငံ့စီးပွားရေးသည် ပုံမှန်တိုးတက်လာမည်ဖြစ်ပြီး ပြည်သူများ၏ ဝင်ငွေမြင့်မားလာမည်ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအုတ်မြစ်အဖြစ်တည်ရှိသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များနှင့်အတူ အခြားစီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးသည် မဖြစ်မနေ အားထည့်ဆောင်ရွက်ရမည့် အရေးကြီးသောကဏ္ဍတစ်ခုဖြစ်ပါသည်။

ဒေသအလိုက်ထွက်ရှိသည့် သဘာဝအရင်းအမြစ်များကို ဒေသတွင်းမှာပင် တန်ဖိုးမြင့်ကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်နိုင်ခြင်းက ဒေသဖွံ့ဖြိုးရေးကို တိုက်ရိုက်အထောက်အကူပြုပါမည်။ တိုင်းဒေသကြီး၊ ပြည်နယ်များအကြား ဖွံ့ဖြိုးမှုကွာဟချက်များကို လျှော့နည်းစေမှသာ နိုင်ငံတစ်ဝန်း ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေပါမည်။ ထို့အတွက် ဒေသအလိုက်ထွက်ရှိသည့် အရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲပြီး အကျိုးရှိစွာအသုံးချနိုင်ရန် လိုပါသည်။ သို့မှသာ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်မည်ဖြစ်ပြီး ပြည်သူတို့၏ လူမှုစီးပွားဘဝအဆင့်အတန်းလည်း တိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ ဥပမာ- ဝါဂွမ်းအထွက်များသောဒေသတွင် ဝါနှင့်သက်ဆိုင်သည့် စက်ရုံများအပြင် ချည်မျှင်၊ ချည်ထည်၊ ရက်ကန်းစက်ရုံများ၊ အထည်အလိပ်စက်ရုံများ စသည့်ကုန်ချောစက်ရုံများအထိ တည်ဆောက်မှသာ သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်အပြင် အလေအလွင့် အပျက်အစီးနည်းပြီး အခြားကုန်ကျစရိတ်များလည်း လျော့နည်းနိုင်မည့်သဘောကို ဆိုလိုပါသည်။

ထို့ပြင် ကုန်ကြမ်းမှ ကုန်ချောအထိ အဆင့်ဆင့်ထုတ်လုပ်နိုင်ခြင်းအားဖြင့်လည်း ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းကို ပို၍ဖန်တီးပေးနိုင်ကာ ဒေသဖွံ့ဖြိုးမှုကို ရရှိလာနိုင်မည်ဖြစ်သည်ဟု ယူဆပါသည်။ ဒေသအချို့သာ ဖွံ့ဖြိုးနေပြီး အခြားသောဒေသများ ဖွံ့ဖြိုးမှုနောက်ကျနေပါကလည်း လူမှုစီးပွားဘဝကွာဟမှုမှာ ပိုမိုကြီးမားလာနိုင်ပြီး နိုင်ငံရေး၊ လူမှုရေး အဆင်မပြေမှုများဖြင့် ပဋိပက္ခများ ဖြစ်ပေါ်စေနိုင်သည်ကို သတိပြုရန်လိုပါသည်။ ထိုကဲ့သို့သော အန္တရာယ်များကို ရှောင်ရှားနိုင်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးသည် မဖြစ်မနေလိုအပ်ကြောင်းကို ဆိုလိုနေခြင်းဖြစ်ပါသည်။

သတိပြုသင့်သည့်အချက်တစ်ခုတော့ရှိပါသည်။ အမျိုးသားစည်းလုံးညီညွတ်ရေးကို တည်ဆောက်ရာတွင် လူမျိုး၊ ဘာသာ၊ ဒေသအလိုက်ကွာခြားမှုများကို အားနည်းချက်အဖြစ် မမြင်ဘဲ၊ မိမိအကျိုးစီးပွားသက်သက်အတွက်သာ အမြတ်ထုတ်ရန်မသင့်ဘဲ အားနည်းချက်ကို အားသာချက်များဖြင့် အပြန်အလှန်ဖြည့်ဆည်းသင့်ကြပါသည်။ မိသားစုစိတ်ဓာတ်ဖြင့် အရင်းအမြစ်အားလုံးကို နိုင်ငံ၏ အင်အားအဖြစ်ရှုမြင်နိုင်မှသာ၊ တိုင်းရင်းသားပြည်သူအားလုံး အပြန်အလှန်လေးစားမှုနှင့် နားလည်မှုကိုအခြေခံ၍ ယုံကြည်မှုများတည်ဆောက်ထားနိုင်မှသာ အမျိုးသားစည်းလုံးညီညွတ်ရေးမှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေး အမှန်တကယ်တည်တံ့ခိုင်မြဲလာမည်ဖြစ်ပါသည်။

### လွတ်လပ်ရေးနှင့်အတူ မျိုးဆက်သစ်တို့အတွက် မျှော်မှန်းချက်

အလားတူ နိုင်ငံ၏အနာဂတ်သည် လူငယ်များ၏လက်ထဲတွင် ရှိနေသည်ဆိုသောစကားသည် စကားလုံးသက်သက်မျှ မမှတ်ယူသင့်ပါ။ ကျန်းမာသန်စွမ်းသော၊ ပညာတတ်၊ ပညာရှင်လူငယ်များ မရှိလျှင် သို့မဟုတ် မွေးထုတ်မပေးနိုင်လျှင် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ စိတ်ကူးယဉ်သက်သက်သာ ရှိနေမည်ဖြစ်သည့်အတွက် ပညာရေးကို ဖွံ့ဖြိုးရေး၏ အခြေခံအင်အားအဖြစ် တိုးတက်မြှင့်တင်ရန် လိုအပ်ပါသည်။ သိပ္ပံနှင့်နည်းပညာ၊ လူမှုရေး၊ ဘာသာရေးအသိပညာများကို ညီညွတ်မျှတစွာ သင်ကြားပေးနိုင်မှသာ လူငယ်များသည် နိုင်ငံအတွက် တန်ဖိုးရှိသော နိုင်ငံသားကောင်း လူသားအရင်းအမြစ်များ ဖြစ်လာနိုင်ပါမည်။

ပညာရေးက စိတ်ဓာတ်၊ ခံယူချက်နှင့် အသိအမြင်တို့ကို တည်ဆောက်ပေးသကဲ့သို့ ကျန်းမာရေးက ကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှုနှင့် အသက်ရှင်သန်မှုကို ထောက်ပံ့ပေးပါသည်။ ကျန်းမာရေးမကောင်းပါက ပညာရေးကိုလည်း အပြည့်အဝမသင်ယူနိုင်သလို စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကိုလည်း ထိရောက်စွာ လုပ်ဆောင်နိုင်မည်မဟုတ်ပါ။

**စာရိတ္တဗလ၊ ဉာဏဗလ၊ ကာယဗလ၊ ဘောဂဗလ၊ မိတ္တဗလဟူသော ဗလငါးတန်နှင့်ပြည့်ဝသည့် လူငယ်များဖြစ်နေမှသာ နယ်ပယ်၊ ကဏ္ဍအသီးသီးတွင် အကျိုးရှိရှိ တက်တက်ကြွကြွ ပါဝင်နိုင်ကြမည်ဖြစ်ပါသည်။ သို့မှသာ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ယနေ့လူငယ်များသည် လွတ်လပ်ရေးကို အမွေအနှစ်အဖြစ် ခံယူရုံသက်သက်မဟုတ်ဘဲ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး ဖွံ့ဖြိုးအောင်လုပ်ရမည့် တာဝန်တစ်ခုအဖြစ် အလေးထားခံယူသင့်ပါသည်။ အတိတ်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး သင်ခန်းစာယူသင့်သည်ကိုယူ၊ ပစ္စုပ္ပန်နှင့် အနာဂတ်အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဟု ခံယူထားကြရပါမည်။**

အချုပ်အားဖြင့် ကျန်းမာသန်စွမ်းသော လူသားအရင်းအမြစ်ကို အခြေပြု၍ အမျိုးသားစည်းလုံးညီညွတ်မှုကို အခြေခံ၊ ပြည်ထောင်စုငြိမ်းချမ်းရေးကို တည်ဆောက်၍ ရေရှည်တည်တံ့၊ ဟန်ချက်ညီသော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို ကြိုးစားဆောင်ရွက်ကြရန် ယခုလိုကာလ ယခုလိုအခြေအနေသည် အကောင်းဆုံးနှင့် အသင့်တော်ဆုံး အခြေအနေတစ်ရပ် ဖြစ်နေသည်ကို သတိပြုကြရန်ဖြစ်ပါသည်။

**အဓိကအချက်မှာ ပြည်ထောင်စုတစ်ရပ်လုံး၏ အမျိုးသားအကျိုးစီးပွားကို ဦးစားပေးကာ ဆောင်ရွက်သွားရန် အရေးကြီးနေခြင်းဖြစ်ပါသည်။ ထိုသို့ ပြည်သူ၊ အစိုးရနှင့် ပါတီအဖွဲ့အစည်းအားလုံး ပူးပေါင်းကြိုးပမ်းနိုင်မှသာ နိုင်ငံတော်သည် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ဆီသို့ ယုံကြည်စိတ်ချစွာ လျှောက်လှမ်းနိုင်မည် ဖြစ်ပါကြောင်းနှင့် ယခုလို (၇၈) နှစ်မြောက်လွတ်လပ်ရေးနေ့ကာလတွင် အတိတ်ကို ဂုဏ်ပြုသကဲ့သို့ အနာဂတ်ကိုပါ မျှော်မှန်းစဉ်းစား၍ ပစ္စုပ္ပန် အောင်မြင်မှုရရန် အလေးထားကြိုးစား ဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။** ။

> **“လက်ရှိ မိမိတို့နိုင်ငံ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်မှာ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှုရှိရေးသည် အဓိက လိုအပ်ချက်ဖြစ်နေသည်။ ငြိမ်းချမ်းရေးမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုကို အပြည့်အဝ အကောင်အထည်မဖော်နိုင်သလို စည်းလုံးညီညွတ်မှုမရှိပါကလည်း ဖွံ့ဖြိုးတိုးတက်ရေးသည် အိပ်မက်အဖြစ်သာ ကျန်ရှိနေမည် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ချိတ်ဆက်ထားသည့် ဦးတည်ချက်တစ်ရပ်ကို ချမှတ်ထားခြင်းဖြစ်ပါသည်။ အဓိကအားဖြင့် စီးပွားရေးဖွံ့ဖြိုးမှု မရှိပါက ပြည်သူများ၏ နေ့စဉ်ဘဝသည် အခက်အခဲများစွာနှင့် ပြည့်နှက်နေကာ မကျေနပ်ချက်များစွာနှင့် ရုန်းကန်နေရမည်သာဖြစ်သည် ”**

## သစ်တစ်ပင်၏ သမိုင်းကြောင်း

❂ ရွာဦးဘုရား၊ စေတီနားဝယ်
မြင့်မားသန်မာ၊ ခက်လက်ဖြာ၍
ဝေဆာရိပ်အေး၊ အစဉ်ပေးသည့်
အဝေးက မြင်၊ သစ်တစ်ပင် ..။

❂ အငြိုးကြီးကြီး၊ မိုးသည်းသည်းနှင့်
လှိုင်းကြီးလေထန်၊ မုန်တိုင်းဒဏ်တို့
ဖန်ဖန်ဖြိုလှဲ၊ မပြိုလဲဘဲ
ခိုင်မြဲလေသော သစ်တစ်ပင် ..။

❂ အတိတ်ရှေးဟောင်း၊ သမိုင်းကြောင်းဝယ်
ခေတ်ကောင်းခေတ်ဆိုး၊ အမျိုးမျိုးနှင့်
နေ မိုး လေ ဒဏ်၊ ကြံ့ကြံ့ခံကာ
ရှင်သန်ခဲ့သော သစ်တစ်ပင် ..။

❂ ရွာသားရပ်သူ၊ များ ရှင် လူတို့
အတူစုဝေး၊ ရပ်ရွာရေးကို
ဆွေးနွေးတိုင်ပင်၊ ကြလေလျှင်လည်း
ဤပင်ရိပ်အောက်မှာပင်တည်း ..။

❂ ရွာသားရပ်သူ၊ သဒ္ဓါဖြူလျက်
အလှူဒါန၊ ပြုပေကြလည်း
အေးမြရိပ်တွင်၊ မဏ္ဍာပ်ဆင်သည်
ဤပင်ရိပ်အောက်မှာပင်တည်း ..။

❂ ကလေးသားမြေး၊ လူကလေးတို့
အေးရိပ်အောက်တွင်၊ စာပေသင်၍
ပျော်ရွှင်ပြေးလွှား၊ ဆော့ကစားလည်း
မြင့်မားပင်ရိပ်အောက်တွင်တည်း ..။

❂ ဤသစ်ပင်ကား ..
ယခင်တီရှေး၊ မျိုးချစ်သွေးနှင့်
တို့ဘေးတို့ဘိုး၊ သူစိုက်ပျိုးခဲ့
မျိုးစေ့လည်းမှန်၊ အပင်သန်သော်
ရန်မာန်များစွာ၊ ကြုံခဲ့ရလည်း
မခ မြေတွင်၊ သူ့အားအင်နှင့်
ရှင်သန်နေဆဲ၊ ခိုင်မာမြဲတည့် ..။

❂ သစ်တစ်ပင်ကောင်း၊ ငှက်အပေါင်းတို့
ထောင်သောင်းမက၊ နားနိုင်ကြလျက်
ပြင်းပြလှိုက်ဆူ၊ နေပူပူတွင်
ရှင် လူ အများ၊ ခရီးသွားတို့
နားနားနေနေ၊ အပန်းဖြေ၍
လေပြေချွေးသိပ်၊ တမေ့အိပ်ကြ
အရိပ်ပေးဖူး သူ့ကျေးဇူးတည့် ..။

❂ အရိပ်နေလျက်၊ သစ္စာဖျက်၍
အခက်ချိုးချိုး၊ သစ်မှုဆိုးတို့
နည်းမျိုးစုံစွ၊ ဖျက်ဆီးကြလည်း
စိမ်းမြပျို့မြစ်၊ ရွက်နုသစ်တို့
အသစ်ဝေဆာ၊ အေးရိပ်ဖြာသည်
ခိုင်မာလှသော သစ်တစ်ပင် ..။

❂ ဤသစ်ပင်ကြီး ..
ရိပ်ထီးသူ့အောက်၊ လူလားမြောက်သည့်
စို့ညှောက်နုထွေး၊ မျိုးဆက်သွေးတို့
ဘိုးဘေးများက၊ ရှေးမဆွလျှင်
မျိုးချသန်ရှင်၊ ဤသစ်ပင်ကို
အစဉ်ခိုင်မြဲ၊ မယိုင်လဲအောင်
လက်တွဲတူမျှ၊ ဖွဲ့ လုံ့လဖြင့်
တေးမြခွန်းချို၊ သံပြိုင်ဆိုကာ
ညီအစ်ကိုနောင်ရင်း၊ နှလုံးသွင်းလျက်
ချစ်ခြင်းညီစွာ၊ တို့ရပ်ရွာဝယ်
သာယာရွှင်လန်း၊ ဘေးမသန်းဘဲ
အေးချမ်းနိုင်ကြပါစေသတည်း ...။

(လွတ်လပ်ရေးနှင့် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်သို့)

**မိုးချမ်းမြေ့**

## စစ်ကိုင်းတိုင်းဒေသကြီးတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် တိုင်းဒေသကြီးတာဝန်ခံ ဦးမြင့်သိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ ကောလင်းခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ရေဦးခရိုင်၊ မော်လိုက်ခရိုင်၊ ဟုမ္မလင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ကို မြို့နယ် ၁၁ ခု၌ ကျင်းပသွားမည်ဖြစ်ပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၆၃ ခု၊ မဲရုံပေါင်း ၁၁၆ ရုံဖြင့် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အပိုင်း(၂) ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးရာတွင် ပိုမိုလွယ်ကူအဆင်ပြေအောင် မဲစာရင်းအမှတ်စဉ်များအား ကြိုတင်သိရှိရန် ဆောင်ရွက်ပေးမှသာ မဲရုံဖွင့်လှစ်သည့် အချိန်အတွင်း လျင်လျင်မြန်မြန်မဲပေးနိုင်ပြီး မဲဆန္ဒရှင်များအားလုံး ရာနှုန်းပြည့်မဲပေးနိုင်မည်ဖြစ်သည့်အတွက် တာဝန်ရှိသူအားလုံး ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးသွားကြရန် လိုအပ်ကြောင်း၊ အပိုင်း(၁)ရွေးကောက်ပွဲ၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်၍ အပိုင်း(၂) ရွေးကောက်ပွဲအား အောင်မြင်စွာဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲ အပိုင်း (၂) အောင်မြင်စွာကျင်းပနိုင်ရေး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ ကသာခရိုင်၊ ကောလင်းခရိုင်၊ ကန့်ဘလူခရိုင်၊ ခန္တီးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ရေဦးခရိုင်၊ မော်လိုက်ခရိုင်၊ ဟုမ္မလင်းခရိုင်နှင့် မုံရွာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့မှ အတွင်းရေးမှူးများက အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းများ ကြိုတင်စီမံပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အထွေထွေရွေးကောက်ပွဲ အပိုင်း(၂) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိမိတို့ဌာနများအလိုက် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ယမန်နေ့ ညနေပိုင်းကလည်း မုံရွာမြို့ ချင်းတွင်းခန်းမ၌ကျင်းပသည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ အားကစားလ လူထုလှုပ်ရှားမှုအထိမ်းအမှတ် ဝန်ကြီးချုပ်ဖလား ဝန်ကြီးဌာနပေါင်းစုံနှင့် တက္ကသိုလ်/ဒီဂရီကောလိပ်ပေါင်းစုံ အားကစားပြိုင်ပွဲများ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးနှင့် အဖွဲ့တို့က အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုချီးမြှင့်ငွေများနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ပြိုင်ပွဲဝင်ဆုရအားကစားသမားများ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် ဂုဏ်ပြုညစာအတူတကွသုံးဆောင်ကြပြီး တိုင်းဒေသကြီး ဌာနဆိုင်ရာများနှင့် ပြိုင်ပွဲဝင် အားကစား အသင်းများ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

### အများအားဖြင့် သာယာမည်

**နေပြည်တော် ဇန်နဝါရီ ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ရှိ အဆင့်မြင့်သီရိမင်္ဂလာဈေးနှင့် အခြေခံပညာကျောင်း ပြုပြင်တည်ဆောက်မှုကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခိုန်ဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ရှိ အဆင့်မြင့်သီရိမင်္ဂလာဈေး၌ ဈေးရုံသစ်များ တိုးချဲ့ဆောက်လုပ်နေမှု၊ ဈေးခန်းမနှင့် နှစ်ထပ်ဈေးရုံများ အပြီးသတ်ဆောက်လုပ်နေမှု၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားရန်၊ အချောသပ်ရန်ကျန်ရှိသည့် လုပ်ငန်းပိုင်းများကို အပြီးသတ်မွမ်းမံပြင်ဆင်ဆောင်ရွက်သွားရန်နှင့် ဈေးဆိုင်များ စနစ်တကျဖွင့်လှစ်ရောင်းချစေရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဈေးအတွင်း ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ဈေးသူဈေးသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)လောခမ္မ၌ ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေဖြင့် သံကူကွန်ကရစ် နှစ်ထပ်စာသင်ဆောင် အပြီးသတ်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများမှာကြားကာ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သုတ(ပြန်/ဆက်)**



# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ (၁၅)နှစ်မြောက် တိုင်းနှစ်ပတ်လည်နေ့ ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁** အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၏ (၁၅)နှစ်မြောက် တိုင်း နှစ်ပတ်လည်နေ့ကို ယနေ့တွင် တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်




စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် မိန့်ခွန်းပြောကြားပြီး တိုင်းနှစ်ပတ်လည်နေ့စစ်ရေးပြတပ်ခွဲများက စစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုစစ်တီးဝိုင်းအဖွဲ့က စစ်သီချင်း၊ မြန်မာသံစဉ်သီချင်းများနှင့် စွမ်းရည်ပြသတီးမှုတ်ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြု စစ်တီးဝိုင်းအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များ၊ အိမ်ထောင်သည်လိုင်းခန်း သန့်ရှင်းရေးဆုနှင့် စိုက်ပျိုးရေး/မွေးမြူရေးဆုရရှိသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ဗလာမပါကံစမ်းမဲများ ဖောက်ပေးခဲ့ကြသည်။

ညပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ တိုင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် နိဗ္ဗာန်ဈေးပွဲတော်နှင့် ဂုဏ်ပြုညစာစားပွဲ ဆက်လက်ကျင်းပရာ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲက တေးသီချင်းများ၊ အကအလှပဒေသာများဖြင့် ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❑ *ကျောဖုံးမှ*

(၃၃)မှတ် (၃)မှတ်ဖြင့်လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း ဝန်ကြီးဌာနအသင်းကို (၁၆)မှတ် အမှတ်ပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

အလားတူ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသမီး)ပြိုင်ပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းက ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ - တစ်ပွဲဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။



ထို့နောက် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲ ပွဲစဉ် ယှဉ်ပြိုင်ကစားရာတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းက ဥပဒေရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက တရားလွှတ်တော်ချုပ်ရုံးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။

ဇန်နဝါရီ ၂ ရက် နံနက် ၇ နာရီမှ စတင်ကာ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး (အမျိုးသမီး)ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့က ဆက်လက်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

ထို့အတူ လေ့ကျင့်ရေးကွင်းအမှတ် (၃)၌ နံနက် ၈ နာရီမှစတင်ကာ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ (အမျိုးသမီး) ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနအသင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အားကစားဝါသနာရှင် မိတ်ပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

အုပ်စုတတိယနေရာတွင် ရပ်တည်နေသော်လည်း အကောင်းဆုံး အုပ်စု တတိယဖြင့် နောက်တစ်ဆင့် တက်လှမ်းနိုင်ခဲ့သည်။ အာဖရိကနိုင်ငံများပြိုင်ပွဲ ၁၆ သင်း အဆင့်ပွဲစဉ်တွင် ကင်မရွန်းအသင်းက တောင်အာဖရိက၊ မိုဇမ်ဘစ်အသင်းက နိုင်ဂျီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အခြားပွဲစဉ်ရလဒ်တွင် အိုင်ဗရီကို့စ်အသင်းက ဂါဘွန်အသင်းကို သုံးဂိုး - နှစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ အုပ်စုပထမဖြင့် နောက်တစ်ဆင့်တက်လှမ်းနိုင်ခဲ့သည်။ **အောင်ဇော်**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

## သတင်းထုတ်ပြန်ချက်

၃၁-၁၂-၂၀၂၅။

ယခုလက်ရှိ တင်းမာမှုများဖြစ်ပွားနေသည့် ထိုင်ဝမ်ပြဿနာ (Taiwan Question)နှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ သဘောထား ရပ်တည်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ပေါ်ပေါက်လာစဉ်ကတည်းက တရုတ်နိုင်ငံ၏ လွတ်လပ်ရေးကို အစောဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံဖြစ်ပြီး တရုတ်တစ်နိုင်ငံတည်းမူဝါဒ (One China Policy )အပေါ် အစဉ်တစိုက်ရပ်တည်ထောက်ခံခဲ့ပြီး နှစ်နိုင်ငံခေါင်းဆောင် အချင်းချင်းတွေ့ဆုံစဉ်၌လည်း ထပ်လောင်း အတည်ပြုပြီးဖြစ်သည်။ တရုတ်နိုင်ငံ၏ ထိုင်ဝမ်နှင့် ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေး ရည်ရွယ်ချက်ကိုလည်း ထောက်ခံရပ်တည်လျက်ရှိသည်။

(ခ) မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်ကို သဘောတူလိုက်နာနေသည့် နိုင်ငံများဖြစ်သည်နှင့်အညီ တစ်နိုင်ငံနှင့်တစ်နိုင်ငံ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အချုပ်အခြာအာဏာကို လေးစားကြသည်။ ၎င်းအတွက် ကြိုးပမ်းမှုများကိုလည်း အလေးထားသည်။

(ဂ) တစ်နိုင်ငံ၏ ပြည်တွင်းရေးကို တစ်နိုင်ငံက လေးစားမှုပြုရေးမူဝါဒအရလည်း ထိုင်ဝမ်ပြဿနာ (Taiwan Question)သည် တရုတ်၏ ပြည်တွင်းရေးပင်ဖြစ်ပြီး ထိုင်ဝမ်သည် တရုတ်၏ ခွဲခြမ်းစိတ်ဖြာ၍မရသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း အသိအမှတ်ပြုသည်။ ခွဲထွက်ရေး လှုပ်ရှားမှုများသည် ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေနိုင်သဖြင့် ၎င်းလှုပ်ရှားမှုများကို အသိအမှတ်မပြုပါ။ ပဋိပက္ခဖြစ်ပွားမှုများကို မြင့်တက်စေမည့် မည်သည့်အားပေးမှုကိုမဆို ထိန်းသိမ်းဆောင်ရွက်စေလိုပါသည်။

(ဃ) မြန်မာနိုင်ငံအနေဖြင့် တရုတ်၏ အိမ်နီးချင်းမိတ်ဆွေကောင်းနိုင်ငံ၊ မဟာဗျူဟာ မိတ်ဖက် ဆက်ဆံရေးရှိသည့် နိုင်ငံ၊ အေးအတူပူအမျှအသိုက်အဝန်းကို အတူထူထောင်ထားသည့် နိုင်ငံအဖြစ် အစဉ်အမြဲရပ်တည်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# နှစ်သစ်မင်္ဂလာ ပျော်ရွှင်ပေ့ါပါး မီးရထားဖြင့် ခရီးသွား

**နှစ်သစ်ကူးအခါသမယ ဆောင်းနံနက်ခင်းသည် အေးမြနေသော်လည်း နေရောင်ခြည်နွေးနွေးက လွှမ်းခြုံထားသည်။ အေးမြမှု၊ နွေးထွေးမှု ရောယှက်ထားသည့် နေ့တစ်နေ့ အစနှင့်အတူ ရန်ကုန်- ပြည် အဆန်အထူး လေအိတ်ရထားကြီးသည် တာဝန်ထမ်းဆောင်ရန် အသင့်ဖြစ်နေပြီး ဘူတာကြီး၏ အမှတ်(၁) စင်္ကြံပလက်ဖောင်း၌ ခရီးသွားများက ရထားထွက်ချိန်ကို အဆင်သင့်စောင့်ဆိုင်းနေရာယူလျက်ရှိကြသည်။ ၂၀၂၆ ခုနှစ်၏ အဦးအစ ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ လေးရက်တာသည် အများပြည်သူ နှစ်သစ်ကူး ပိတ်ရက်ဖြစ်သည့်အတွက် ဘူတာကြီးတွင် ခရီးသွားပြည်သူများက အပြည့်။**

ရထားကြီးနှင့်အတူ လိုက်ပါမည့် ခရီးသည်များကို မိသားစု၊ မိတ်ဆွေ၊ သူငယ်ချင်းများက လိုက်ပါ ပို့ဆောင်နှုတ်ဆက်ကြရင်းဖြင့် ရန်ကုန်ဘူတာကြီး နံနက်ခင်းသည် ပို၍ သက်ဝင်လှုပ်ရှားနေပြီး မီးရထားဝန်ထမ်းများက ရထားစီးခရီးသွားပြည်သူများကို ခရီးဦးကြိုပြု ဝန်ဆောင်မှုပေးကြကာ ရထားစီးပြည်သူများကို ရထားတွဲဆိုင်းများသို့ ညွှန်ပြပို့ဆောင်ပေးခြင်း၊ လက်မှတ်စစ်ဆေးပေးခြင်း၊ ထွက်ခွာချိန်နှင့် ခရီးစဉ်ကို ကြေညာပေးခြင်းစသည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြသည်။

ရထားစီး ခရီးသွားပြည်သူများအတွက် နွေးထွေးပျူငှာသော ဝန်ဆောင်မှုကိုပေးနိုင်ရန် ကြိုးပမ်းမှုနှင့်အတူ အဆင့်မြှင့်ထားသော မြန်မာ့မီးရထား၏ ရထားလမ်းပိုင်းများ၊ ရထားတွဲဆိုင်းများကို ပြည်သူများက မှတ်မှတ်ထင်ထင် အသိအမှတ်ပြုကြသည်။ အေးအေးငြိမ့်ငြိမ့် သာသာယာယာ ရထားစီးရင်း အပန်းဖြေခရီးထွက်ခြင်းက ပြည်သူအကြိုက် ခရီးသွားပုံစံတစ်မျိုး ဖြစ်လာသည်။

“သမီးက Grade-12 ကျောင်းသူတစ်ဦးပါ။ ရထားမစီးဖူးဘူး။ ပြည်ကိုသွားတိုင်း မှန်လုံယာဉ်နဲ့ပဲ ခရီးသွားဖူးတာ။ လူငယ်တစ်ယောက်အတွက် ရထားစီးပြီး ခရီးသွားအတွေ့အကြုံတစ်ခုရချင်တယ်။ ခရီးသွားခြင်းဟာ အသိဉာဏ်ပွင့်လန်းမှုကို အထောက်အကူပေးတယ်လို့ စာအုပ်ထဲမှာ ဖတ်ဖူးတယ်။ ရထားကြီးစီးပြီး အေးအေးချမ်းချမ်းနဲ့ ပြည်ကိုသွားရတဲ့ အတွေ့အကြုံက ဘဝရဲ့ အမှတ်တရတစ်ခု ဖြစ်လာမှာပါ။ ဒီလိုရထားကြီးစီးပြီး ခရီးသွားရတာ၊ ခရီးသွားရင်း စာဖတ်ရတာ၊ အပြင်က သဘာဝအလှကိုကြည့်ရှုရမှာက စိတ်လှုပ်ရှားဖို့ ကောင်းပါတယ်။ ပြီးတော့ ရထားက သန့်သန့်ရှင်းရှင်းရှိတဲ့အတွက် ပိုပြီးအဆင်ပြေတယ်။ ရထားကြီး မစီးရသေးတဲ့သူ စီးကြည့်ပါလို့ အကြံပြုပါတယ်။ နှစ်သစ်မှာ သမီးလို ခရီးသွားသူအပေါင်း ကိုယ်စိတ်နှလုံး အေးချမ်း ပျော်ရွှင်ကြပါစေလို့ ဆုတောင်းပေးပါတယ်” ဟု ပြည်မြို့သို့ ရထားဖြင့် ခရီးသွားရောက်မည့် မချယ်ရီမွှေးက ပြောပြသည်။



နှစ်သစ်ကူးရုံးပိတ်ရက်တွင် ပြည်တွင်းခရီးသွားများ မြန်မာ့မီးရထားဖြင့် အပန်းဖြေခရီးများ သွားရောက်ကြစဉ်။

မြန်မာ့မီးရထားသည် ပုံမှန်ရထားခရီးစဉ်များ ပြေးဆွဲမှုနှင့်အတူ ရက်ရှည်ရုံးပိတ်ရက်များ၌ အထူးရထားများ ပြေးဆွဲပေးခြင်းဖြင့် အများပြည်သူခရီးသွားလာမှုအတွက် ကြိုးပမ်းဝန်ဆောင်မှုပေးလျက်ရှိသည်။

ရထားစီး ခရီးသွားပြည်သူများအတွက် ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် ပုံမှန်အမှတ်(၁) အဆန် စာပို့ရထား၊ အမှတ်(၂) အစုန်စာပို့ရထား၊ အမှတ်(၁၁) အဆန်ရထားနှင့် အမှတ်(၁၂) အစုန်ရထားဖြင့် လည်းကောင်း၊ ရန်ကုန်-နေပြည်တော်လမ်းပိုင်းတွင် အမှတ်(၃၁) အဆန်ရထားနှင့် အမှတ်(၃၂) DEMU ရထား၊ အမှတ်(၇)အဆန်နှင့် အမှတ်(၈) အစုန် DEMU ရထား၊ ရန်ကုန်- မော်လမြိုင်လမ်းပိုင်း၌ အမှတ်(၈၁)အဆန်ရထားနှင့် အမှတ်(၈၂) အစုန်ရထားဖြင့် လည်းကောင်း၊ ရန်ကုန်-ပြည်လမ်းပိုင်း၌ အမှတ်(၇၁)အဆန်နှင့် အမှတ်(၇၂) အစုန်ရထားဖြင့် လည်းကောင်း၊ ရန်ကုန်- ပဲခူးလမ်းပိုင်း၌ အမှတ်(၁၃)အဆန်နှင့် အမှတ်(၁၄)အစုန် DEMU ရထားဖြင့်လည်းကောင်း ခရီးသွား ဝန်ဆောင်မှုပေးလျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး မြန်မာ့မီးရထား အမှတ်(၇) တိုင်းမန်နေဂျာ ဦးယဉ်မင်းဦးက ပြောပြသည်။

ထို့အတူ ကြည့်မြင်တိုင်ဘူတာမှ ပြည်မြို့အထိ အမှတ်(၆၃) အဆန်နှင့် အမှတ်(၆၄) အစုန်ရထားကိုလည်း ပြေးဆွဲပေးလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရှိရသည်။

“ကျွန်တော်တို့မြန်မာ့မီးရထားအနေနဲ့ ခရီးသွားများပြားလာမှုအခြေအနေအပေါ်မှာ မူတည်ပြီး ရထားတွဲဆိုင်း တိုးချဲ့ပြေးဆွဲပေးတာလည်းရှိပါတယ်။ ပြီးတော့ ရထားလမ်းပိုင်းတွေ ခေတ်မီကောင်းမွန်လာတာနဲ့အတူ ခေတ်မီစက်ခေါင်းတွေနဲ့ လူစီးတွဲတွေကို အသုံးပြုလာနိုင်ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာပိတ်ရက်နဲ့ ခရစ္စမတ်ပိတ်ရက်မှာ ဝန်ထမ်းတွေနဲ့ ခရီးသွားပြည်သူတွေ သွားလာရေး အဆင်ပြေအောင် အထူးရထား ပြေးဆွဲပေးခဲ့တာရှိပါတယ်။ ဒီဇင်ဘာရုံးပိတ်ရက်မှာ ရန်ကုန်-နေပြည်တော်လမ်းပိုင်းဆိုရင် အထူး DEMU စပိန်ရထား ပြေးဆွဲပေးခဲ့တယ်။ ရန်ကုန်-မန္တလေးလမ်းပိုင်းမှာ DEMU တွဲဆိုင်းတွေ ပြေးဆွဲပေးနိုင်ခြင်းဟာ ရထားမြန်နှုန်းမြင့် ပြေးဆွဲပေးနိုင်တဲ့အပြင် တွဲဆိုင်းတွေက သန့်ရှင်းသပ်ရပ်မှု ရှိတဲ့အတွက် ခရီးသွားတွေ ကြိုက်နှစ်သက်ပြီး စီးနင်းမှု ပိုပြီးများလာတာကို တွေ့ရပါတယ်။ အခုလို နိုင်ငံတကာ နှစ်သစ်ကူးပိတ်ရက်မှာ ရထားတိုးချဲ့ ပြေးဆွဲမှုနဲ့အတူ လေအိတ်တွဲ အထူးရထားတွဲဆိုင်းတွေပြေးဆွဲပြီး ဝန်ဆောင်မှုကောင်းတွေ ပေးထားပါတယ်” ဟု တိုင်းမန်နေဂျာက ရှင်းပြသည်။

မြန်မာ့မီးရထား တစ်ခေတ်ဆန်းသစ်လာပြီဖြစ်သည်ကို ပြေးဆွဲနေသည့် ရထားတွဲဆိုင်းသစ်များနှင့် စက်ခေါင်းများ၊ လမ်းပိုင်းဆိုင်ရာများ ခေတ်မီတိုးတက်ပြောင်းလဲလာမှုက သက်သေပြလျက်ရှိသည်။ ယခင်က ရထားလက်မှတ်ကို အထက်တန်းအတွက် သုံးရက်ကြိုတင်၍ လည်းကောင်း၊ ရိုးရိုးတန်းကို တစ်ရက်ကြိုတင်၍လည်းကောင်း ဝယ်ယူရသော်လည်း ယခုအခါ MMQR Code ဖြင့် ငွေပေးချေပြီး ပို၍ လွယ်ကူစွာ ဝယ်ယူစီးနင်းနိုင်ပြီဖြစ်သည်။



မြန်မာ့မီးရထား အနေဖြင့် ရန်ကုန်-နေပြည်တော် DEMU ရထားလိုင်းဖြစ်သည့် အမှတ်(၇) အဆန်နှင့် အမှတ်(၈) အစုန်၊ အမှတ်(၃၁)အဆန်နှင့် အမှတ်(၃၂) အစုန်ရထားများအတွက် အွန်လိုင်းဝန်ဆောင်မှု ပေးထားပြီဖြစ်သည့်အတွက် ရထားစီးပြည်သူအများက နှစ်ခြိုက်သဘောကျလျက်ရှိသည်။

“တခြားပိတ်ရက်တွေမှာ ခရီးသွားရတာထက် နှစ်သစ်ကူးမှာ ခရီးသွားရတာ ပိုပြီးသဘောကျတယ်။ နှစ်သစ်မှာ အကောင်းဆုံးဘာတွေပြင်ဆင် လုပ်ဆောင်ရမလဲဆိုတာ အေးအေးဆေးဆေး ခရီးသွားရင်း စဉ်းစားပြင်ဆင်ရတာကို သဘောကျတယ်။ ဒီလိုခရီးသွားတဲ့အခါ ကားနဲ့ ခရီးသွားတာက ရိုးသွားပြီ။ ပတ်ဝန်းကျင်အလှအပ၊ မြို့ရွာတွေရဲ့ ပြောင်းလဲတိုးတက်မှုတွေကို ရထားကြီးပေါ်ကနေ အေးအေးဆေးဆေး ကြည့်ရတာက အတွေ့အကြုံသစ်ပါ။ ရထားတွေက ခေတ်မီတယ်၊ သန့်ရှင်းတယ်၊ သက်သောင့်သက်သာရှိတယ်။ ရထားစီးရတာကောင်းတဲ့အကြောင်း တခြားသူတွေက လူမှုမီဒီယာတွေမှာ ဖော်ပြကြတယ်။ ဒါကြောင့် နောင်လည်း ရထားစီးပြီး ခရီးသွားဖြစ်မှာပါ။ နိုင်ငံသားတစ်ဦးအနေနဲ့ မြန်မာ့မီးရထားရဲ့ တိုးတက်ပြောင်းလဲမှု၊ ကောင်းမွန်တဲ့ ဝန်ဆောင်မှုကို ကြည်နူးခံစားမိပါတယ်။ မြန်မာ့မီးရထား ဆက်လက်အောင်မြင်ပါစေလို့ နှစ်သစ်ဆုမွန်ကောင်း စကားပါးလိုက်ပါတယ်” ဟု ရထားစီး ပြည်သူ ဒေါ်ပြုံးလဲ့ချိုက ပြောသည်။

ရထားပို့ဆောင်ရေးစနစ်သည် အများပြည်သူ သွားလာရေးအတွက် အဓိကကျပြီး အကျိုးရှိသည့် ပို့ဆောင်ရေးစနစ်ဖြစ်သည်။ ပြည်သူများ ဆက်သွယ်သွားလာမှု လွယ်ကူအဆင်ပြေစေရေးအတွက် ရထားပို့ဆောင်ရေးစနစ် ခေတ်မီဆန်းသစ်လာပြီး ပြည်သူများသို့ ဝန်ဆောင်မှုကောင်းများ ပေးနိုင်ရေးအတွက် မြန်မာ့မီးရထားမှ ကြိုးပမ်းလျက်ရှိသည်။ နှစ်ပေါင်းတစ်ရာကျော် သက်တမ်းရှိသော မြန်မာ့မီးရထားအနေဖြင့် တစ်ခတ်ဆန်းသစ်သော ရထားပို့ဆောင်ရေးစနစ်ဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများကို ဆက်လက်၍ အကျိုးပြုနိုင်ပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ – ဖွဲ့မာန်**

# ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါလျက်ရှိသည့် တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ်

**ပြီးခဲ့သည့်နှစ်များအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ကျွန်း ဟိုက်ကုမြို့၌ အခြေစိုက်သည့် တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ် (China Institute for Reform and Development–CIRD)က ကျင်းပသည့် ဆွေးနွေးပွဲများသို့ ပါဝင်တက်ရောက်ခွင့်ရခဲ့သည်။ ယင်းဆွေးနွေးပွဲများမှာ ပါတီပိုင်းဆိုင်ရာအကြီးအကဲများ၊ ဒေသအာဏာပိုင်များ၊ နိုင်ငံတကာမှပညာရှင်များ၊ မူဝါဒပိုင်းဆိုင်ရာပုဂ္ဂိုလ်များ အများအပြား ပါဝင်တက်ရောက်သည့် တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာဆွေးနွေးပွဲများ ဖြစ်ပါသည်။**

ချိုရတနာ(MISIS)




နောက်ဆုံးပါဝင်တက်ရောက်ခဲ့သည့် အစည်းအဝေးမှာ တရုတ်နိုင်ငံ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ (၉၁)ကြိမ်မြောက် နိုင်ငံတကာညီလာခံ (91st International Forum on China Reform) ဖြစ်ပါသည်။ ဆွေးနွေးသည့်ခေါင်းစဉ်မှာ တရုတ်နိုင်ငံ၏ အရည်အသွေးမြင့် တံခါးဖွင့်စီးပွားရေးစနစ်သစ် ထူထောင်ခြင်းနှင့် ကမ္ဘာကြီး (China in Establishing A New System for Higher–Level Open Economy and the World) ဖြစ်ပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ လကုန်ပိုင်းတွင် ကျင်းပခဲ့ခြင်း ဖြစ်ပါသည်။

တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်မူဝါဒ "**Reform and Opening–up Policy**" ကို ၁၉၇၈ ခုနှစ်တွင် စတင်ခဲ့သည်။ ဗဟိုချုပ်ကိုင်မှုကို ဖြေလျှော့ပြီး ဆယ်စုနှစ်လေးခုကျော် ကျင့်သုံးပြောင်းလဲလာခြင်းဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်များတွင် အထူးစီးပွားရေးဇုန်များ စတင်ထူထောင်ခြင်း၊ ၂၀၀၁ ခုနှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization–WTO) သို့ တက်ရောက်ခဲ့ခြင်း စသည့် အပြောင်းအလဲများမှာ ထင်ရှားသည်။

ပြည်တွင်းမူဝါဒများ ကျင့်သုံးရာတွင်လည်း ပြုပြင်ပြောင်းလဲရေးများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ရာ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးလာခြင်း၊ လုပ်ခနှင့် ဈေးနှုန်းများလွတ်လပ်မှု၊ ပြည်ပတင်ပို့မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအားပေးခြင်းများ အပါအဝင် ဖြစ်သည်။ ၁၉၇၈ ခုနှစ်မှ စတင်လျှင် နှစ်စဉ်ပျမ်းမျှစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ၉ ရာခိုင်နှုန်းခန့်အထိ ရှိခဲ့သည်ဟု ဆိုသည်။ ၂၀၂၀ ပြည့်နှစ်များတွင် အလွန်အမင်းဆင်းရဲမှု (extreme poverty) ကို ပပျောက်အောင်ဆောင်ရွက်နိုင်ခဲ့သည်။ Normal GDP အရ ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၉ ထရီလီယံ ရှိသည့် ကမ္ဘာ့ဒုတိယအကြီးဆုံးစီးပွားရေးရှိသည့် နိုင်ငံအဖြစ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

ဤသို့ ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် မည်သို့ဆောင်ရွက်ခဲ့သည်ဆိုသည်မှာ စိတ်ဝင်စားဖွယ်လေ့လာဖွယ်ဖြစ်သည်။ မိမိတို့အတွက် အကျိုးရှိအောင် မိမိတို့၏ ရေမြေသဘာဝ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများနှင့် ကိုက်ညီအောင် အသုံးချပြီး မိမိတို့လည်း တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံ ပြုပြင်ပြောင်းလဲရေးအတွက် CIRD က ရေးသားတင်သွင်းခဲ့သည့် သုတေသနများကို အဆင့်ဆင့် လေ့လာကြည့်မိသည့်အတိုင်း ဆက်လက်ဖော်ပြလိုပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ရာတွင် အစိုးရ၏ မူဝါဒချမှတ်မှုများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ဤမူဝါဒများမှာ မှန်ကန်တိကျ၍ ရေရှည်တည်တံ့ရန်အတွက် စိတ်ကူးစိတ်သန်းသစ်များ၊ ခိုင်မာသောသုတေသနအထောက်အထားများနှင့် အကြံဉာဏ်များ လိုအပ်ပြီး ထိုကဲ့သို့သောဉာဏ်ပညာဆိုင်ရာ အထောက်အပံ့များကို ပေးအပ်နိုင်သည့် အဖွဲ့အစည်းများမှာ တွေးခေါ်မြော်မြင်ရေးအဖွဲ့များ (Think Tanks) ပင် ဖြစ်သည်။ ၎င်းတို့သည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကိစ္စရပ်များကို လေ့လာဆန်းစစ်ကာ အစိုးရအုပ်ချုပ်ရေး ယန္တရားများကို လက်တွေ့ကျသော မူဝါဒအကြံပြုချက်များဖြင့် ပံ့ပိုးပေးကြပါသည်။

**"သုတေသနဌာနများ၏ အရေးပါမှုကို ထင်ရှားစေပြီး မြန်မာနိုင်ငံနှင့်လည်း နီးစပ်သည့် သာဓကတစ်ခုမှာ တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ် (China Institute for Reform and Development - CIRD) ပင်ဖြစ်၊ CIRD သည် တရုတ်နိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလတစ်လျှောက်တွင် စီးပွားရေးနှင့် နိုင်ငံပိုင်လုပ်ငန်းများပြုပြင်ပြောင်းလဲခြင်း၊ ငွေကြေးတည်ငြိမ်မှုထိန်းချုပ်ခြင်း စသည့် အရေးကြီးသောကဏ္ဍများတွင် တရုတ်ကွန်မြူနစ်ပါတီ (Chinese Communist Party-CCP) ၏ မူဝါဒချမှတ်မှုအပေါ် သိသိသာသာ သက်ရောက်မှုရှိခဲ့၊ CIRD ၏ အတွေ့အကြုံများနှင့် ၎င်းတို့၏ လုပ်ငန်းပုံစံများက မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ခိုင်မာသောသုတေသနကို အခြေခံသည့် မူဝါဒများမည်သို့ ချမှတ်သင့်သည်ဟူသော အဖိုးတန်သင်ခန်းစာများကို ပေးစွမ်းနိုင်မည်ဖြစ်"**

သုတေသနဌာနများ၏ အရေးပါမှုကို ထင်ရှားစေပြီး မြန်မာနိုင်ငံနှင့်လည်း နီးစပ်သည့် သာဓကတစ်ခုမှာ တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ် (China Institute for Reform and Development – CIRD) ပင်ဖြစ်သည်။ CIRD သည် တရုတ်နိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလတစ်လျှောက်တွင် စီးပွားရေးနှင့် နိုင်ငံပိုင်လုပ်ငန်းများ ပြုပြင်ပြောင်းလဲခြင်း၊ ငွေကြေးတည်ငြိမ်မှု ထိန်းချုပ်ခြင်း စသည့် အရေးကြီးသော ကဏ္ဍများတွင် တရုတ်ကွန်မြူနစ်ပါတီ (Chinese Communist Party–CCP) ၏ မူဝါဒချမှတ်မှုအပေါ် သိသိသာသာ သက်ရောက်မှုရှိခဲ့သည်။ ထို့ကြောင့် CIRD ၏ အတွေ့အကြုံများနှင့် ၎င်းတို့၏ လုပ်ငန်းပုံစံများက မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ခိုင်မာသော သုတေသနကို အခြေခံသည့်မူဝါဒများ မည်သို့ ချမှတ်သင့်သည်ဟူသော အဖိုးတန်သင်ခန်းစာများကို ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။

### CIRD ၏ အခန်းကဏ္ဍနှင့် သမိုင်းဝင် အောင်မြင်မှုများ

၁၉၉၁ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့တွင် ဟိုင်နန် (Hainan) ၌ စတင်တည်ထောင်ခဲ့သော CIRD သည် တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်ဝါဒ (Reform and Opening Up) သမိုင်းတစ်လျှောက်တွင် အရေးပါသော မူဝါဒဆိုင်ရာ သုတေသနဌာနအဖြစ် ရပ်တည်ခဲ့သည်။ ၎င်းတို့၏ မူဝါဒဆိုင်ရာအကြံပြုချက်များဖြင့် တရုတ်ကွန်မြူနစ်ပါတီ၏ နိုင်ငံတော်မူဝါဒများ အကောင်အထည်ဖော်ရာတွင် အဓိကအထောက်အကူပြုခဲ့ပြီး ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုများက ခိုင်မာသောသုတေသနကို အခြေခံသည့် ပြုပြင်ပြောင်းလဲမှုသည် မည်မျှအောင်မြင်စေနိုင်သည်ကို ပြသနေပါသည်။

CIRD သည် ယနေ့အထိ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အစီရင်ခံစာပေါင်း ၅၀၀ ကျော်ကို ရေးသားတင်ပြခဲ့ပြီး အချို့သောမူဝါဒအကြံပြုချက်များသည် ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တိုက်ရိုက်ကိုးကားအသုံးပြုခြင်း သို့မဟုတ် အရေးကြီးသော ဥပဒေများနှင့် စည်းမျဉ်းများ ရေးဆွဲရာတွင်အရေးပါသော အကိုးအကားများ ဖြစ်ခဲ့ပါသည်။ ဥပမာအားဖြင့် CIRD ၏ သုတေသနများသည် ၂၀၁၃ ခုနှစ်တွင် ကျင်းပခဲ့သည့် (၁၈) ကြိမ်မြောက် ဗဟိုကော်မတီ၏ တတိယအကြိမ် ပုံမှန်အစည်းအဝေးဆုံးဖြတ်ချက်များကို ရေးဆွဲရာတွင် အထောက်အကူပြုခဲ့ကြောင်း တွေ့ရသည်။ ထို့ပြင် လေ့ကျင့်သင်ကြားမှုများကိုလည်း အကြိမ် ၂၀၀ ကျော်အထိ ပြုလုပ်ပေးနိုင်ခဲ့ပါသည်။

CIRD ၏ အဓိကအောင်မြင်မှုများကို ကဏ္ဍအလိုက် လေ့လာနိုင်ပါသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ (State–Owned Entrepreneurs–SOE) နှင့် ငွေကြေးစနစ် ပြုပြင်ပြောင်းလဲရေးအပိုင်း၌ ၁၉၉၃ ခုနှစ်က SOE စီမံခန့်ခွဲမှုကို "**နိုင်ငံတော်မှ စီမံခန့်ခွဲခြင်း**"မှ "**နိုင်ငံတော်၏ ပိုင်ဆိုင်မှုငွေလုံးငွေရင်း (State–owned Capitals) ကို စီမံခန့်ခွဲခြင်း**" သို့ ပြောင်းလဲရန်အဆိုပြုခဲ့ပြီး ယင်းသည် လုပ်ငန်းများ၏ စီးပွားရေးဆိုင်ရာ ထိရောက်မှုကို မြှင့်တင်ရန်နှင့် နိုင်ငံပိုင် ပိုင်ဆိုင်မှုများ၏တန်ဖိုးကို ထိန်းသိမ်းမြှင့်တင်ရန် အရေးပါခဲ့သည်။ ထို့ပြင် ၁၉၉၄ ခုနှစ်တွင် စီးပွားရေးတိုးတက်မှု အရှိန်အဟုန်မြင့်မားစဉ် ငွေကြေးဖောင်းပွမှုကို ထိရောက်စွာ ထိန်းချုပ်ရန် မူဝါဒအကြံပြုချက်များပေးခဲ့သလို ၁၉၉၅ ခုနှစ်တွင် အလုပ်မဖြစ်သောချေးငွေ (Non–performing loans–NPLs) ကို ဖြေရှင်းရန်နှင့် ဘဏ်စနစ်ခိုင်မာစေရန်အတွက် ဘဏ်လုပ်ငန်းပြုပြင်ပြောင်းလဲရေးကို အကြံပြုခဲ့ပါသည်။

အစိုးရနှင့် လူမှုဖူလုံရေးစနစ် ပြုပြင်ပြောင်းလဲရေးကဏ္ဍတွင်လည်း CIRD သည် ၂၀၀၃ ခုနှစ်က အစိုးရပုံစံကို "**စီးပွားရေးတိုးတက်မှုကို ဦးတည်သည့် အစိုးရပုံစံ**"မှ "**ပြည်သူ့ဝန်ဆောင်မှုကို ဦးတည်သည့် အစိုးရပုံစံ**" သို့ ကူးပြောင်းရန် အကြံပြုခဲ့ပြီး ယင်းသည် အုပ်ချုပ်ရေးစွမ်းဆောင်ရည်နှင့် ပြည်သူ့ဝန်ဆောင်မှုအရည်အသွေးကို မြှင့်တင်ရန် ရည်ရွယ်သည်။ ထို့အတူ ၂၀၀၃ ခုနှစ်တွင် ကျေးလက်ဒေသနေပြည်သူများအတွက် အခြေခံသက်သာချောင်ချိရေးစနစ်ကို ထူထောင်ရန်နှင့် အခြေခံအားဖြင့် အာမခံထားသော အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ (ဥပမာ– ကျန်းမာရေး၊ ပညာရေး)ကို ပေးအပ်ရန် အဆိုပြုခဲ့ပါသည်။

စီးပွားရေး အသွင်ကူးပြောင်းရေးဆိုင်ရာ လမ်းညွှန်မှုအနေဖြင့်လည်း CIRD သည် ဈေးကွက်စီးပွားရေးသို့ ကူးပြောင်းခြင်းကို အထောက်အကူပြုသည့် စာအုပ်အတွဲများကို ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အတွင်းထုတ်ဝေခဲ့ပြီး ဈေးကွက်ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်သော သီအိုရီနှင့် အတွေးအခေါ် အယူအဆများကို ရှင်းလင်းတင်ပြခဲ့ရာ World Trade Organization သို့ ဝင်ရောက်ရေး ဆွေးနွေးမှုများအတွက်ပါ အရေးပါသော ကိုးကားချက် ဖြစ်ခဲ့သည်။

တရုတ်နိုင်ငံပြုပြင်ပြောင်းလဲရေးသုတေသနဌာန (CIRD) သည် ၂၀၀၈ ခုနှစ် နောက်ပိုင်းကာလများတွင် တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကြီးမားသော အပြောင်းအလဲများအတွက် အဓိက မူဝါဒလမ်းကြောင်းများကို ဦးဆောင်ပံ့ပိုးပေးခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် CIRD သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဗျူဟာကို ပြောင်းလဲရန် လိုအပ်ကြောင်း အဆိုပြုခဲ့ပြီး စားသုံးမှုဦးဆောင်သော စီးပွားရေးဖွံ့ဖြိုးမှု (Consumption–led Growth)ကို အဓိကဗျူဟာအဖြစ် သတ်မှတ်ရန် တိုက်တွန်းခဲ့သည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ဤအဆိုပြုချက်သည် မြေပိုင်ဆိုင်မှုစနစ်၊ လူဦးရေဆိုင်ရာ မညီမျှမှုများနှင့် ဖြေရှင်းနိုင်သည့် စားသုံးသူ အခြေခံပြုပြင်ပြောင်းလဲရေးများဆီသို့ နိုင်ငံကို ဦးတည်စေခဲ့သည်။ ထို့အတူ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်း ဖြစ်ပွားခဲ့သော ၂၀၀၉ ခုနှစ်တွင် CIRD သည် ပြုပြင်ပြောင်းလဲရေးဖြင့် အကျပ်အတည်း၏ အန္တရာယ်ကို ဖြေရှင်းရန်အတွက် မူဝါဒအကြံပြုချက် ၂၄ ချက်ကို ပြုစုတင်ပြခဲ့သည်။ ထိုကာလမှာပင် **"ဖွံ့ဖြိုးတိုးတက်မှုပုံစံ အသွင်ကူးပြောင်းခြင်း"**ကို အဓိကလမ်းကြောင်းအဖြစ် ထားရှိကာ (၁၂)ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၅) ကို ပိုမိုထိရောက်စေရန် အကြံပြုခဲ့သည်။

၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း CIRD သည် ကျေးလက်မှ မြို့ပြသို့ ရွှေ့ပြောင်းလာသော အလုပ်သမားများအား မြို့ပြဒေသများရှိ နိုင်ငံသားများနှင့် တန်းတူအခွင့်အရေးများ၊ လူမှုလုံခြုံရေးနှင့် တရားမျှတမှုတို့ကို အကောင်အထည်ဖော်ပေးရန် အကြိမ်များစွာ တိုက်တွန်းခဲ့သည်။ ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်ကာလအတွင်းတွင် ကျေးလက် - မြို့ပြနှစ်ထပ်မှတ်ပုံတင်စနစ် (urban-rural dual household registration system) ကို ရုပ်သိမ်းရန် အကြံပြုခဲ့ရာ ၎င်းသည် လူမှုတရားမျှတမှုနှင့် မြို့ပြလူဦးရေတိုးတက်မှုကို အထောက်အကူပြုခဲ့ပါသည်။

ဖွံ့ဖြိုးတိုးတက်မှု၏ ဦးတည်ရာကို ပြောင်းလဲရန် ၂၀၁၁ ခုနှစ်တွင် **"နိုင်ငံတော်ချမ်းသာကြွယ်ဝခြင်း"** မှ **"ပြည်သူများချမ်းသာကြွယ်ဝခြင်း"**ကို ဦးတည်သည့် ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းသို့ ပြောင်းလဲရန် CIRD က တိုက်တွန်းခဲ့သည်။ ထို့ပြင် ၂၀၁၃ ခုနှစ်တွင် ဗဟိုကော်မတီ၏ ပြည့်စုံသောပြုပြင်ပြောင်းလဲရေး ဆုံးဖြတ်ချက်များအတွက် မရှိမဖြစ်လိုအပ်သည့် လမ်းပြမြေပုံ(Roadmap of Reform Out-pacing Crisis) ကို ရေးဆွဲရာတွင် CIRD က အဓိက အထောက်အကူပြုခဲ့သည်။

CIRD သည် ဖွဲ့စည်းပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ (Structural reforms) ကို အဓိကလမ်းကြောင်းအဖြစ် ထားရှိကာ စီးပွားရေးအသွင်ကူးပြောင်းမှုကို ဦးတည်ခဲ့သည်။ ၂၀၁၆ ခုနှစ် မှ ၂၀၁၇ ခုနှစ်အတွင်း စီးပွားရေးအသွင်ကူးပြောင်းမှုအတွက် အကြံပြုချက်များ တင်ပြခဲ့သလို ၂၀၁၆ ခုနှစ်တွင် ကုန်စည်မှ ဝန်ဆောင်မှုကဏ္ဍသို့ ပြောင်းလဲလာသော စီးပွားရေးကို ထင်ဟပ်စေရန် ဝန်ဆောင်မှုကုန်သွယ်ရေးဖြင့် ဒုတိယအကြိမ် တံခါးဖွင့်ဝါဒကို စတင်ရန် အကြံပြုခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် CIRD သည် တတိယပါတီ သုတေသနအဖွဲ့အနေဖြင့် **"ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း" (Decentralization)"**နှင့် **"စည်းမျဉ်းစည်းကမ်းလျှော့ချခြင်း (Deregulation)"** မူဝါဒများကို အကောင်အထည်ဖော်ရာတွင် အစိုးရ အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ပထမဆုံးအကြိမ် အကဲဖြတ်အကြံပေးခဲ့ပါသည်။

နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ကာလများတွင် CIRD သည် အဆင့်မြင့်တံခါးဖွင့်မှု (High Level Opening-Up) အပေါ်အခြေခံသော ပြုပြင်ပြောင်းလဲရေး ပုံစံသစ်ကို ဖော်ဆောင်ရန် အကြံပြုခဲ့ပြီး ၎င်းသည် ပြည်တွင်း ပြုပြင်ပြောင်းလဲရေးနှင့် ပြည်ပတံခါးဖွင့်ဝါဒကို ပေါင်းစပ်ကာ နိုင်ငံတကာစီးပွားရေးဆက်ဆံရေးတွင် တရုတ်နိုင်ငံ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် ရည်ရွယ်သည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ် COVID-19 ကပ်ရောဂါကာလတွင် CIRD သည် ပြည်သူ့ကျန်းမာရေးကို ဦးစားပေးသော အုပ်ချုပ်ရေးသဘောတရားကို အဆိုပြုခဲ့ကာ ပြည်သူ့ကျန်းမာရေးစနစ် ပြုပြင်ပြောင်းလဲရေးမူဝါဒများ ချမှတ်ရာတွင် အထောက်အကူပြုခဲ့သည်။ နောက်ဆုံးအနေဖြင့် ၂၀၂၁ ခုနှစ်တွင် စားသုံးမှု ဦးစားပေးအသွင်ကူးပြောင်းခြင်းကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကလမ်းကြောင်းသစ်အဖြစ် အဆိုပြုခဲ့ပါသည်။

ဤသို့ဖြင့် CIRD သည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲနေသော နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးလိုအပ်ချက်များကို ခိုင်မာသော သုတေသနဖြင့် တုံ့ပြန်ခဲ့ပြီး အဓိကကျသော ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အကြံပြုချက်များနှင့် တွန်းအားကို ပေးခဲ့သည်။ CIRD ၏ အတွေ့အကြုံများကို လေ့လာခြင်းဖြင့် မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေးနှင့် လူမှုရေး အခြေအနေများနှင့် ကိုက်ညီသော အရေးကြီးကဏ္ဍများအတွက် အဖိုးတန်သင်ခန်းစာများ ရယူနိုင်မည် ဖြစ်ပါသည်။

ပထမအချက်အနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး တိုးတက်မှုနှင့် လူမှုရေးတည်ငြိမ်မှု၏ အဓိက အုတ်မြစ်ဖြစ်သော မြေယာနှင့် ကျေးလက်ဒေသ လုံခြုံမှုကို ဦးစားပေးသင့်သည်ဆိုသည့်အချက် ဖြစ်သည်။ တရုတ်နိုင်ငံကဲ့သို့ပင် မြန်မာနိုင်ငံတွင် မြေယာပိုင်ဆိုင်ခွင့်လုံခြုံမှု (Security of Land Tenure)ကို တရားဝင်ခိုင်မာစွာ ပေးအပ်ရန်နှင့် ကျေးလက်ပြုပြင်ပြောင်းလဲရေး၊ စိုက်ပျိုးရေးကဏ္ဍ လုပ်ကိုင်သူများအတွက် လိုအပ်သည့် သွင်းအားစုများ သင့်တင့်သည့်ဈေးနှုန်းဖြင့်ရရှိရေး၊ ကြားခံများ လျှော့ချရေး၊ မိမိတို့ထုတ်ကုန်မှ အကျိုးအမြတ် တိုက်ရိုက်ခံစားခွင့်ရရှိရေး၊ ဈေးကွက်သို့ တိုက်ရိုက် တင်ပို့နိုင်ရေး စသည်တို့အတွက် သုတေသနလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်ရန်နှင့် ပံ့ပိုးအကောင်အထည်ဖော်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

ဒုတိယအချက်မှာ စီးပွားရေးတည်ငြိမ်ရေးနှင့် ဘဏ္ဍာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုပင်ဖြစ်သည်။ ငွေကြေးမတည်ငြိမ်မှုနှင့် ဘဏ်လုပ်ငန်း၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် ဘဏ်လုပ်ငန်းကို ခေတ်မီစီးပွားဖြစ်လုပ်ငန်းများအဖြစ် ပြောင်းလဲခြင်း၊ NPLs များကို ထိရောက်စွာ ဖြေရှင်းခြင်းနှင့် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန်အတွက် ခိုင်မာသော မူဝါဒအကြံဉာဏ်များကို ရယူရန်အရေးကြီးပါသည်။

တတိယအချက်အနေဖြင့် နိုင်ငံစီးပွားရေး တိုးတက်လာသည်နှင့်အမျှ လူတန်းစားကွာဟမှုကို လျှော့ချရန်အတွက် ပြည်သူ့ဝန်ဆောင်မှုနှင့် လူမှုဖူလုံရေးစနစ်ကို ခိုင်မာအောင် တည်ဆောက်ရမည် ဖြစ်သည်။ ကျေးလက်ဒေသအပါအဝင် ပြည်သူအားလုံးအတွက် ကျန်းမာရေးနှင့် ပညာရေးကဲ့သို့သော အများပြည်သူဆိုင်ရာ အခြေခံဝန်ဆောင်မှုများကို အာမခံချက်ရှိစွာ ပေးအပ်နိုင်မည့် လူမှုဖူလုံရေးစနစ်ကို ထူထောင်ရန် သုတေသနများ၊ မူဝါဒများဖြင့် အထောက်အပံ့ပေးရမည် ဖြစ်သည်။ CIRD ဥပမာမှ ရရှိသည့် သင်ခန်းစာအချို့ဖြစ်ပါသည်။

CIRD အောင်မြင်မှုရရှိနေခြင်းသည် ယင်း၏ သုတေသနအကြောင်းအရာများအားလုံးမှာ တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ လိုအပ်ချက်များနှင့် အမြဲထပ်တူကျနေခြင်းကြောင့်ဖြစ်သည်။ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုကဏ္ဍတို့ကို မြှင့်တင်ရန်အတွက် မူဝါဒများချမှတ်ရာတွင် သုတေသနအထောက်အထားကို အသုံးပြုခဲ့ခြင်းဖြစ်သည်။ ထို့ပြင် CIRD သည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု(International Cooperation)နှင့် တံခါးဖွင့်ဝါဒ (Open Policy)ကို မြှင့်တင်ရန်အတွက် Regional Cooperation on Economic Partner-ship (RCEP) ကဲ့သို့သော သဘောတူညီချက်များဆိုင်ရာ သုတေသနများ၊ သက်ဆိုင်သူများ ပါဝင်သည့် ဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိသည်။ မြန်မာ့သုတေသနဌာနများနှင့် တွေးခေါ်မြော်မြင်ရေးအဖွဲ့အစည်းများသည်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းပြီး ဒေသတွင်းကုန်သွယ်မှု လွယ်ကူချောမွေ့ရေး၊ နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှု စသည့်အကြောင်းအရာများတွင် ဦးဆောင်သုတေသနများ ပြုလုပ်သင့်ပါသည်။

CIRD သည် **"ပြည်သူ့ဝန်ဆောင်မှုကိုဦးတည်သော အစိုးရပုံစံ"** တည်ဆောက်ရန် အစောဆုံးအကြံပြုခဲ့သည့် အဖွဲ့အစည်းများထဲမှ တစ်ခုဖြစ်သည်။ နိုင်ငံများ၏ အုပ်ချုပ်ရေးယန္တရားများ စွမ်းဆောင်ရည်အားနည်းခြင်းသည် ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်သူ့ယုံကြည်မှုအတွက် အတားအဆီးဖြစ်နေတတ်ရာ CIRD ၏ နည်းလမ်းအတိုင်း အစိုးရဝန်ထမ်းများအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ လေ့ကျင့်ရေးအစီအစဉ်များကို ဆောင်ရွက်ပေးခြင်းဖြင့် အစိုးရ၏ ဝန်ဆောင်မှုပေးနိုင်သည့် အရည်အသွေးကို မြှင့်တင်ရန် စဉ်းစားသင့်ပါသည်။ တစ်ချိန်တည်းမှာပင် စွမ်းဆောင်ရည် (Meritocracy)အလိုက် တာဝန်ပေးအပ်မှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်မှု(Anti-Corruption) တို့ကိုလည်း ယှဉ်တွဲဖော်ဆောင်သွားရန် လိုအပ်ပါသည်။

**CIRD အောင်မြင်မှု၏ အခြေခံမှာ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ပုံနည်းစနစ်ဖြစ်ပြီး မြန်မာနိုင်ငံတွင် သုတေသနဌာနများ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်အတွက် အတုယူသင့်ပါသည်။ CIRD သည် အမြဲတမ်းဝန်ထမ်းအင်အား နည်းပါးသော်လည်း ပညာရှင်များ၊ အစိုးရအရာရှိများ၊ စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ကြီးမားသည့် ကွန်ရက်တစ်ခုကို အသုံးပြု၍ သုတေသနပြုသည့် ကွန်ရက်ကို အခြေခံသော လုပ်ငန်းပုံစံ (A Small Institution with Large-Scale Networks)ကို ကျင့်သုံးပါသည်။**




China's 15th Five-Year Plan: Comprehensively Deepening Reform and High-Quality Development အစည်းအဝေးကျင်းပစဉ်။

**❖ CIRDမှ ပညာရှင်များ၏အဆိုအရ လွန်ခဲ့သော ၃၄နှစ်တာကာလတစ်လျှောက်လုံးတွင် CIRDသည် "ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အကြံဉာဏ်ပေးခြင်း၊ ပြုပြင်ပြောင်းလဲမှုကို မြဲမြံစွာလိုက်နာခြင်း"ဟူသော ခံယူချက်အပေါ်၌ ခိုင်မာစွာရပ်တည်လုပ်ကိုင်၊ CIRD သည် တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့်မူဝါဒလုပ်ငန်းစဉ်များအတွင်း ပေါ်ပေါက်လာသည့် အဓိကကျသော မဟာဗျူဟာမြောက်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စနစ်တကျ သုတေသနပြုမှုများ၊ ကျယ်ပြန့်သောဆွေးနွေးပွဲများကို အဆက်မပြတ် ဆောင်ရွက်**

**"CIRD အောင်မြင်မှုရရှိနေခြင်းသည် ယင်း၏ သုတေသနအကြောင်းအရာများအားလုံးမှာ တရုတ်နိုင်ငံ၏ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ လိုအပ်ချက်များနှင့် အမြဲထပ်တူကျနေ၊ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုကဏ္ဍတို့ကို မြှင့်တင်ရန်အတွက် မူဝါဒများချမှတ်ရာတွင် သုတေသနအထောက်အထားကို အသုံးပြုခဲ့၊ CIRD သည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု(International Cooperation)နှင့် တံခါးဖွင့်ဝါဒ (Open Policy)ကို မြှင့်တင်ရန်အတွက် Regional Cooperation on Economic Partnership (RCEP)ကဲ့သို့သော သဘောတူညီချက်များဆိုင်ရာ သုတေသနများ၊ သက်ဆိုင်သူများ ပါဝင်သည့် ဆွေးနွေးပွဲများပြုလုပ်လျက်ရှိ၊ မြန်မာ့သုတေသနဌာနများနှင့် တွေးခေါ်မြော်မြင်ရေးအဖွဲ့အစည်းများသည်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းပြီး ဒေသတွင်းကုန်သွယ်မှု လွယ်ကူချောမွေ့ရေး၊ နယ်စပ်ဖြတ်ကျော်ရင်းနှီးမြှုပ်နှံမှု စသည့်အကြောင်းအရာများတွင် ဦးဆောင်သုတေသနများ ပြုလုပ်သင့်"**

*စာမျက်နှာ ၁၂ သို့*

# တပ်ကုန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**တပ်ကုန်း ဇန်နဝါရီ ၁**

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျာ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက အောင်မြေရိပ်သာကျေးရွာအုပ်စု ကွင်းအမှတ် (၁၄၁၆ – က) ကွင်း၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းရှင်များအသင်းမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပေါင်းစည်းလယ်ယာမျိုးစေ့ထုတ် ဧရိယာ ၂၈၈ ဧက လျာထားမြေနေရာသို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ပေါင်းစည်းလယ်ယာလုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရေး၊ နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာဌာနများသို့ တင်ပြဆောင်ရွက်ပြီး ဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်သွားရေး၊ ရှင်းလင်းဆောင်ဆောက်လုပ်ရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗျိုင်းအင်းကျေးရွာအုပ်စု ဗျိုင်းအင်းကျေးရွာ ကွင်းအမှတ်(၁၄၀၀)ကွင်း တောင်သူ ဦးဝိုင်း၊ ဦးကျော်အေးတို့ပိုင်လယ်မြေ ငါးကေတွင် Subsoiler ဖြင့်မြေပြုပြင်ခြင်း သရုပ်ပြပွဲအခမ်းအနားသို့ တက်ရောက်၍ တောင်သူများနှင့်တွေ့ဆုံကာ မျိုး၊ မြေ၊ ရေ၊ နည်းလမ်းဖြင့် စနစ်တကျစိုက်ပျိုးရန်၊ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ စက်ယန္တရား ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး တောင်သူများအား ပိုက်ဆံလျော်မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ကြိုးကြာအင်းကျေးရွာ နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အကျယ် ၆ လက်မ၊ အနက်ပေ ၄၀၀ ဆိုလာမြှင့်တင် စက်ရေတွင်း တူးဖော်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**



## အများပြည်သူသို့ အသိပေးကြေညာချက်

**နေပြည်တော် ဇန်နဝါရီ ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေးနှင့် ယခုကျင်းပလျက်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် ယခုရွေးကောက်ပွဲကာလတွင် နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်ပြား တစ်မျိုးမျိုး ပျက်စီး/ပျောက်ဆုံးသူ မဲဆန္ဒရှင်ပြည်သူများ မဲပေးပိုင်ခွင့် အခွင့်အရေးမဆုံးရှုံးစေရေးအတွက် မြို့နယ်အသီးသီးရှိ လဝကရုံးများအား အထူးကိစ္စတစ်ရပ်အနေဖြင့် ရုံးပိတ်ရက်မရှိ ရုံးဖွင့်လှစ်၍ ပျက်စီး/ပျောက်ဆုံးသည့် နိုင်ငံသားကတ်ပြားများအား ဥပဒေနှင့်အညီ အမြန်ဆုံးစိစစ်ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် နိုင်ငံသားကတ်ပြား ပျက်စီး/ပျောက်ဆုံးသူ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာမြို့နယ် လဝကရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။

သို့ရာတွင် ပြည်သူများအနေဖြင့် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားကတ်ပြားများ ပျက်စီး/ ပျောက်ဆုံးမှုမရှိဘဲ ပျက်စီး/ပျောက်ဆုံးမှုကိုအကြောင်းပြကာ ထပ်မံတင်ပြတောင်းခံ၍ နိုင်ငံသားကတ်ပြားတစ်ခုထက် ပိုမိုကိုင်ဆောင်ပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခံရမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၀၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၁**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၀၆၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၁ - ၁ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၆၀၀၀၀၀၀) ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

*စာမျက်နှာ ၁၁ မှ*

မြန်မာ့သုတေသနဌာနများသည်လည်း အာဆီယံနှင့် ဒေသတွင်း၊ ဒေသပြင်ပ သုတေသနအဖွဲ့အစည်းများမှ နယ်ပယ်အသီးသီးရှိ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သင့်ပါသည်။ CIRD သည် ပြုပြင်ပြောင်းလဲရေးကို အနာဂတ်ရှေးရှု၍ ဦးဆောင်ခြင်းနှင့် နိုင်ငံ၏ လက်ရှိအခက်အခဲများအတွက် လက်တွေ့ကျသော ဖြေရှင်းနည်းများကို အမြဲမပြတ် ပေးအပ်နေခြင်းပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် CIRD ကဲ့သို့ အခြားသော နိုင်ငံတကာသုတေသနအဖွဲ့အစည်းများဖြစ်သော UN ESCAP၊ ERIA၊ Mekong Institute၊ OECD Development Centre တို့နှင့်လည်း ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

စဉ်ဆက်မပြတ် ပြန်လည်ပြုပြင်တိုးတက်ရေးလမ်းကြောင်းတွင် သုတေသနဌာနများ၏ အရေးပါမှုသည် တိုးတက်နေဆဲ မြန်မာနိုင်ငံအတွက် အခန်းကဏ္ဍတစ်ခုဖြစ်လာမည်ဟု CIRD ၏ အတွေ့အကြုံက ပြသပေးနေပါသည်။ နိုင်ငံတစ်နိုင်ငံ၏ အောင်မြင်မှုသည် မူဝါဒပညာရှင်များ၊ သုတေသနလုပ်သားများနှင့် အစိုးရအဆင့်အရာရှိများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံပါသည်။ ထို့ကြောင့် နိုင်ငံ၏ အနာဂတ်အတွက် ရဲရဲဝံ့ဝံ့တွေးခေါ်ဆင်ခြင်နိုင်ပြီး ပြည်သူများအတွက် အကျိုးရှိစေသော အကြံဉာဏ်များကို အစိုးရအဆင့်အထိ ပေးအပ်နိုင်မည့် သုတေသနဌာနများကို တန်ဖိုးထားမြှင့်တင်ပေးရန် ပင်ဖြစ်သည်ဟု ယုံကြည်ပါသည်။ သို့မှသာ အနာဂတ်ကာလတွင် အကျိုးရှိသော ပြုပြင်ပြောင်းလဲရေး (Reform)များကို ခိုင်မာစွာ ရွေ့လျားနိုင်စေမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အတွေးအခေါ်များလည်း ဆန်းသစ်နေဖို့လိုပါသည်။

ထို့ပြင် CIRD ၏ အောင်မြင်မှုကြောင့် ယင်း၏ သုတေသီများသည် တရုတ်နိုင်ငံရေး ခေါင်းဆောင်များ ဦးဆောင်သည့် အစည်းအဝေးများသို့ အကြံပေးပညာရှင်အဖြစ် ဖိတ်ကြားခံရခြင်း၊ အဓိကမူဝါဒများကို ရေးဆွဲရာတွင် အကြံပေးခြင်းတို့ ပြုလုပ်ရသဖြင့် မူဝါဒဆုံးဖြတ်ချက်ချရာတွင် တိုက်ရိုက်ပါဝင်မှုအားကောင်းသည်။ မြန်မာနိုင်ငံတွင်လည်း အစိုးရနှင့် သုတေသနအဖွဲ့အစည်းများအကြား ယုံကြည်မှုတည်ဆောက်မြှင့်တင်ရန် လိုအပ်ပြီး နိုင်ငံတော်၏ အရေးကြီးသော မူဝါဒများ (ဥပမာ–အမျိုးသားစီးပွားရေးစီမံကိန်း)ရေးဆွဲရာတွင် လွတ်လပ်သော သုတေသနဌာနများ၏ အကြံပြုချက်ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

**CIRD မှ ပညာရှင်များ၏ အဆိုအရ လွန်ခဲ့သော ၃၄ နှစ်တာကာလ တစ်လျှောက်လုံးတွင် CIRD သည် "ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အကြံဉာဏ်ပေးခြင်း၊ ပြုပြင်ပြောင်းလဲမှုကို မြဲမြံစွာလိုက်နာခြင်း" ဟူသော ခံယူချက်အပေါ်၌ ခိုင်မာစွာ ရပ်တည်လုပ်ကိုင်ခဲ့ပါသည်။ CIRD သည် တရုတ်နိုင်ငံ၏ ပြုပြင် ပြောင်းလဲရေးနှင့် တံခါးဖွင့်မူဝါဒလုပ်ငန်းစဉ်များအတွင်း ပေါ်ပေါက်လာသည့် အဓိကကျသော မဟာဗျူဟာမြောက်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စနစ်တကျ သုတေသနပြုမှုများ၊ ကျယ်ပြန့်သော ဆွေးနွေးပွဲများကို အဆက်မပြတ် ဆောင်ရွက်ခဲ့ပါသည်။**

ထို့ပြင် အစိုးရ၏ မူဝါဒချမှတ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်း၊ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ သဘောတူညီမှုများကို တည်ဆောက်ပေးခဲ့ပါသည်။ အထူးသဖြင့် CIRD သည် ပြုပြင်ပြောင်းလဲရေးဘက်သို့ ဦးတည်သော စွမ်းရည်ရှိသည့် ပညာရှင်များကို မွေးထုတ်ပေးကာ နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဖြစ်ထွန်းစေရန်အတွက် တွန်းအားပေး ဆောင်ရွက်ခဲ့ပါသည်။ CIRD သည် ၎င်း၏ အဖွဲ့အစည်းကို လည်ပတ်ရာ၌ **"ပြုပြင်ပြောင်းလဲရေးဘက်သို့ ဦးတည်သော နည်းလမ်းများဖြင့် အဖွဲ့အစည်းများကို စီမံခန့်ခွဲခြင်း"**ဟူသော မူကိုမြဲမြံစွာ လိုက်နာကျင့်သုံးခဲ့ပါသည်။ ထိုသို့ ကျင့်သုံးခြင်းဖြင့် တရုတ်နိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ထိပ်တန်းတတ်သိပညာရှင်အဖွဲ့အစည်း (Leading Think Tank)တစ်ခုအဖြစ် ဆက်လက်တည်ဆောက်ရန်အတွက် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

**ပြုပြင်ပြောင်းလဲရေးသည် အပြင်ကလာမည့် ရန်သူမဟုတ်၊ အတွင်း၌ရှိနှင့်ပြီး မိတ်ဆွေဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးသည် ပြောင်းလဲနေသော အခြေအနေများကို အချိန်မီနှင့် ကောင်းစွာတုံ့ပြန်ဆောင်ရွက်ခြင်းနှင့် အနာဂတ်စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ကောင်းစွာ ပြင်ဆင်ထားခြင်းဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးသည် ပေါ်ပေါက်လာနိုင်ဖွယ်ရှိသည့် အန္တရာယ်(Risks)များကို ကြိုတင်ခန့်မှန်းပြီး ယင်းတို့ကို ကြံ့ကြံ့ခံနိုင်စွမ်းရှိရန် ပြင်ဆင်ထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပြုပြင်ပြောင်းလဲရေး(Reform)သည် ရန်သူမဟုတ် မိတ်ဆွေဖြစ်သည်ဟု ယုံကြည်ပါသည်။** ။



# နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး ပျဉ်းမနားမြို့၌ ကျင်းပသည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားတက်ရောက်

**ပျဉ်းမနား ဇန်နဝါရီ ၁**

နေပြည်တော် လူမှုဝန်ထမ်းရုံးနှင့် အလှူရှင်များ စုပေါင်း၍ (၃၃) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားဘိုးဘွားရိပ်သာ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်လူမှုဝန်ထမ်းရုံး ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများနှင့် အလှူရှင်များက စုပေါင်း၍ ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်အပါး ၉၀ နှင့် သီလရှင်အပါး ၃၀ တို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းမျိုးစုံတို့ကို လောင်းလှူခဲ့ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့်တာဝန်ရှိသူများသည် ဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများအား အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခဲ့ပြီး နေပြည်တော်ကောင်စီဝင်က ဘိုးဘွားရိပ်သာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တက္ကသိုလ်ဝင်တန်းဂုဏ်ထူးရ ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆု၊ တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေးဆုနှင့် နိုင်ငံ့လက်ရွေးစင်အားကစားသမားဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

**ခရမ်း ဇန်နဝါရီ ၁**

ခရမ်းမြို့နယ်အသင်း (ရန်ကုန်)က ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆု၊ တက္ကသိုလ်



ပညာသင်ထောက်ပံ့ကြေးဆုနှင့် နိုင်ငံ့လက်ရွေးစင်အားကစားသမား ဂုဏ်ပြုဆု၊ အထက်တန်း၊ အလယ်တန်းအဆင့် ပညာသင်ထောက်ပံ့ကြေးဆုများချီးမြှင့်ပွဲကို ယမန်နေ့က ခရမ်းမြို့ အထက(၁) စိန်ရတုခန်းမ၌ ကျင်းပသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေက အသင်း၏ ပညာရေးဆိုင်ရာ ထောက်ပံ့မှုတို့ကို ရှင်းလင်းပြောကြားပြီး ခရမ်းမြို့နယ်အသင်း(ရန်ကုန်) မှ ကျောင်းနေရန် ခက်ခဲသည့် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း အဆင့် ကျောင်းသား ကျောင်းသူ ၁၀၁ ဦးနှင့် နိုင်ငံ့ဂုဏ်ဆောင် အမျိုးသမီးဘောလုံးအားကစားသမားတစ်ဦးတို့အား ပညာသင်ထောက်ပံ့ကြေးနှင့် ဂုဏ်ပြုဆုငွေများကို အသင်းဥက္ကဋ္ဌနှင့် အသင်းအလုပ်အမှုဆောင်များ၊ မြို့နယ်တာဝန်ခံပညာရေးမှူး ဦးသိန်းနိုင်နှင့်တာဝန်ရှိသူများက ပေးအပ်သည်။

အခမ်းအနားတွင် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၁၄၆ သိန်းကျော် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**



# ၂၀၂၆ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲသို့ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကား

**တောင်ကြီး ဇန်နဝါရီ ၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့အတွင်းရှိ ဒေသခံပြည်သူများ အပန်းဖြေပျော်ရွှင်စေရန် နှစ်သစ်ကို သာယာချမ်းမြေ့စွာ ကြိုဆိုနိုင်ရန်နှင့် စိတ်ခွန်အားသစ်များရရှိရန် ရည်ရွယ်၍ကျင်းပသည့် ၂၀၂၆ ခုနှစ် နှစ်သစ်ကူး အကြို တေးဂီတဖျော်ဖြေပွဲနှင့် မီးပုံးပျံလွှတ်တင်ပွဲကို တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ ကျင်းပရာ လာရောက်ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထိုသို့ပါဝင်ဆင်နွှဲရာတွင် ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် ပွဲတော်ကျင်းပမည့် အဝေရာကုန်းသာယာ မီးပုံးပျံကွင်းသို့ မိသားစုအလိုက်၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့များ အလိုက် ပါဝင်ဆင်နွှဲကြရန် မော်တော်ယာဉ်များ၊ သုံးဘီးဆိုင်ကယ်များ၊ ဆိုင်ကယ်များဖြင့် လာရောက်ပါဝင်ဆင်နွှဲကြသည်။

တေးဂီတဖျော်ဖြေပွဲသို့ လာရောက်ပါဝင်ဆင်နွှဲကြသူများအား ပါဝင်ဆင်နွှဲနိုင်စေရန်အတွက် လိုအပ်သည့် လုံခြုံရေးစောင့်ကြပ်မှုများ ဆောင်ရွက်ပေးလျက်ရှိပြီး တောင်ကြီးမြို့၏ အထင်ကရဖြစ်သည့် ညမီးကြီးမီးပုံးပျံ၊ စိန်နားပန်မီးပုံးပျံအလုံးပေါင်း ၅၈ လုံးကို မီးပုံးပျံပညာရှင်၊ ဝါသနာရှင်များက နှစ်သစ်ကို ကြိုဆိုသောအားဖြင့် လွှတ်တင်ခဲ့ကြရာ မီးပုံးပျံဝါသနာရှင် ပရိသတ်များက စိတ်အေးချမ်းသာပျော်ရွှင်စွာ ကြည့်ရှုကြောင်း သိရသည်။

**ထက်ဝေအောင်**

# ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေသည့် သက်တံ့ရောင်စီမံကိန်းသုံးသပ်ဆွေးနွေး

**ရန်ကုန် ဇန်နဝါရီ ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်သည့် သက်တံ့ရောင်စီမံကိန်း သုံးသပ်ဆွေးနွေးပွဲကို ဒီဇင်ဘာ ၃၀ ရက်က ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် မြို့နယ်များ၊ ကျေးရွာရှိ သမဝါယမအသင်းများနှင့် တိုင်းရုံးမှအရာရှိများ တက်ရောက်ကြသည်။



အဆိုပါ သက်တံ့ရောင်စီမံကိန်းသုံးသပ်ပွဲတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မြို့နယ်ခြောက်မြို့နယ်၊ အသင်း ခြောက်သင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

၂၂၁

# ဗိုလ်တထောင်မြို့နယ်၌ လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်ပြိုင်ပွဲနှင့် ကလေးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို သားကောင်းမိခင်ပြိုင်ပွဲနှင့် ကလေးပြိုင်ပွဲကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြို့နယ် ကျန်းမာရေးဌာနတို့ ပူးပေါင်းကာ အမှတ်(၁၀)ရပ်ကွက် (၄၆)လမ်းရှိ မြို့နယ်ကျန်းမာရေး ဦးစီးဌာနရုံး၌ ယမန်နေ့က ကျင်းပရာ မြို့နယ်အတွင်းရှိ မိခင်နှင့် ကလေးငယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



အဆိုပါပြိုင်ပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဟေမာဇော်က သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ၏ စည်းမျဉ်း၊ စည်းကမ်းများ ရှင်းလင်းပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးနှင့် ဆရာမများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ညွန့်နှင့်အဖွဲ့ဝင်များက ပြိုင်ပွဲဝင် မိခင်နှင့် ကလေးများအား အားဆေးများ၊ ပဲနို့ရည်များ၊ ပေါင်မုန့်များ၊ အာဟာရဖြည့်စွက်စာများနှင့် အမွေးပွအရုပ်များကို ပေးအပ်ခဲ့ကြသည်။

**ခင်ဝင်း(ပြန်/ဆက်)**

# ဒိုက်ဦးမြို့နယ်၌ မဲရုံတာဝန်ကျသူများ ကြိုတင်ဆန္ဒမဲပေး

**ဒိုက်ဦး ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် ရွေးကောက်ပွဲကျင်းပမည့် ဇန်နဝါရီ ၁၁ ရက်၌ မဲရုံများတွင် တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ရမည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ကြိုတင်ဆန္ဒမဲပေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဒိုက်ဦးမြို့နယ်အတွင်းရှိ မဲရုံ ၁၀၀ ရုံတွင် တာဝန်ထမ်းဆောင်ကြမည့် မြို့နယ်ဌာနဆိုင်ရာများမှ



တာဝန်ရှိသူများနှင့် ဝန်ထမ်းများ ကြိုတင်ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြိုတင်ဖြည့်သွင်းရမည့် လျှောက်လွှာပုံစံ (၁၃) များကို ယူဆောင်၍သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု မဲဆန္ဒနယ်များ အလိုက် ကြိုတင်ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

နှစ် ၂၀ တစ်ပိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။

# ၂၀၂၆ နှစ်သစ်အတွက် စည်းလုံးညီညွတ်မှု၊ ခံနိုင်ရည်ရှိမှုနှင့် ငြိမ်းချမ်းမှုများအတွက် ကမ္ဘာ့ခေါင်းဆောင်များ တောင်းဆို

ပေကျင်း ဇန်နဝါရီ ၁

**ကမ္ဘာကြီးသည် ပဋိပက္ခများ၊ စီးပွားရေးမငြိမ်မသက်မှုများနှင့် ရာသီဥတု အကျပ်အတည်းများဖြင့် ဝိုင်းရံလျက်ရှိနေချိန်တွင် ကမ္ဘာ့ခေါင်းဆောင်များသည် စည်းလုံးညီညွတ်မှု၊ ခံနိုင်ရည်ရှိမှု၊ ငြိမ်းချမ်းမှုနှင့် မျှော်လင့်ချက်များအတွက် ဆန္ဒပြုတောင်းဆိုခဲ့ကြသည်။**




ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဆင်းရဲနွမ်းပါးမှုကို တိုက်ဖျက်ရာတွင် ပိုမိုရင်းနှီးမြှုပ်နှံရန်နှင့် တိုက်ပွဲများလျှော့နည်းအောင် လုပ်ဆောင်ရန် နှစ်သစ်ဆုတောင်းတွင် တောင်းဆိုလိုက်သည်။

လူသားများကို ကယ်တင်ရန်၊ ကမ္ဘာကြီးကို ကုစားရန်၊ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုတို့၏ အနာဂတ်ကို လုံခြုံအောင် လုပ်ဆောင်ရန် ကမ္ဘာကြီးတွင် အရင်းအမြစ်များရှိနေကြောင်း၊ မိမိတို့၏ အနာဂတ်သည် မိမိတို့၏စုပေါင်းလုပ်ဆောင်မှုအပေါ် မူတည်ကြောင်း၊ ယခုနှစ်သစ်တွင် တရားမျှတမှု၊ လူသားဆန်မှုနှင့် ငြိမ်းချမ်းမှုတို့အတွက် အတူတကွ ရှန်းထကြပါစို့ဟု ဂူတာရက်စ်က တိုက်တွန်းလိုက်သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ရုရှားပြည်သူများ၏ စည်းလုံးညီညွတ်မှုသည် ကျွန်ုပ်တို့၏ အဖနိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်ကို အဆုံးအဖြတ်ပေးကြောင်း နှစ်ပတ်လည် နှစ်သစ်ကူးအကြိုမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ပထမဆုံး ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို ၂၀၂၅ ခုနှစ်တွင် အာဖရိကမြေပေါ်၌ ကျင်းပနိုင်ခဲ့သောကြောင့် မိမိ၏သမ္မတသက်တမ်းက အာဖရိကအသံနှင့် ကမ္ဘာ့တောင်ဘက်အသံကို ကမ္ဘာတစ်ဝန်း အသိအမှတ်ပြု ထင်ဟပ်စေပြီး လေးစားမှုရှိအောင် ဆောင်ရွက်နိုင်ခဲ့သောကြောင့် တောင်အာဖရိကနိုင်ငံအနေဖြင့် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့ကြောင်း သမ္မတ ဆိုက်ရယ်ရာမာဖိုဆာကပြောသည်။

စိန်ခေါ်မှုအပြောက်အမြားကို မိမိတို့ရင်ဆိုင်ခဲ့ရသော်လည်း မိမိတို့နိုင်ငံသည် ပိုမိုတောင့်တင်းခိုင်မာပြီး စီးပွားရေးတွင်လည်း ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ နှစ်သစ်ကို ကြိုဆိုချိန်တွင် တောင်အာဖရိကကို တည်ဆောက်ဖို့ စည်းလုံးညီညွတ်ကြပါစို့ဟု ၎င်းက ပြောကြားခဲ့သည်။

နယ်ပယ်ပေါင်းစုံတွင် အရှိန်အဟုန်ပြင်းစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဟု တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်က ကတိပြုပြီး ၂၀၂၆ ခုနှစ်တွင် ငြိမ်းချမ်းရေးဖြင့် တည်ငြိမ်သောတိုးတက်မှုကို ဖော်ဆောင်ရန် ကတိပြုခဲ့သည်။ ခိုင်မာသော ငြိမ်းချမ်းရေးသည် တိုးတက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပြီး ခိုင်မာသောလုံခြုံရေးသည် နိုင်ငံတော်သာယာဝပြောရေး၏ မောင်းနှင်အားဖြစ်သည်ဟု ၎င်းက နှစ်သစ်ကူးမိန့်ခွန်းတွင် ပြောကြားခဲ့သည်။

ကုန်သွယ်ရေး ကျိုးပဲ့ပြတ်တောက်မှုများနှင့် ပထဝီဝင်နိုင်ငံရေးတင်းမာမှုများ မြင့်တက်နေချိန်တွင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက ကြိုတင်မျှော်မှန်းထားသည်ထက် ပိုမိုခံနိုင်ရည်ရှိရန်လိုကြောင်း သက်သေပြခဲ့သည်ဟု စင်ကာပူဝန်ကြီးချုပ် လောရန့်စ်ဝေါင်က ပြောကြားခဲ့သည်။

၎င်း၏ နှစ်သစ်ကူးသဝဏ်လွှာတွင် ဗြိတိန်ဝန်ကြီးချုပ် ကီယာစတားမားက အခြားသူများပေးသော ကွဲပြဲမှုများနှင့် စိတ်ဓာတ်ကျဆင်းမှုများကို အနိုင်ယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က ပြင်သစ်ပြည်သူများအတွက် ၎င်း၏ ဆန္ဒသုံးခုဖြစ်သည့် စည်းလုံးညီညွတ်မှု၊ ခွန်အားပြည့်မှု၊ မျှော်လင့်ချက်ပြည့်ဝမှုတို့အတွက် ဆန္ဒပြုခဲ့သည်။ **ဆင်ဟွာ**



# ၂၀၂၅ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ကမ္ဘာ့အမွေအနှစ်နေရာ အန်ကောဝပ်သို့ ကမ္ဘာလှည့်ခရီးသည် တစ်သန်းခန့် လာရောက်

**ဖနောင်ပင် ဇန်နဝါရီ ၁**

၂၀၂၅ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ ထင်ရှားသောရှေးဟောင်းသုတေသနနေရာသို့ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၉၅၅၁၃၁ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။ အဆိုပါအရေအတွက်မှာ ၂၀၂၄ ခုနှစ်ကထက် ၆ ဒသမ ၇ ရာခိုင်နှုန်း လျော့နည်းကြောင်း တာဝန်ရှိသူတစ်ဦးက ဇန်နဝါရီ ၁ ရက်တွင် ပြောကြားသည်။

ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စ်ကို) စာရင်းဝင် ကမ္ဘာ့အမွေအနှစ်နေရာသည် ၂၀၂၅ ခုနှစ်အတွင်း လက်မှတ်ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၇ သန်းဝင်ငွေရရှိကြောင်း၊ အဆိုပါအရေအတွက်မှာလည်း ၆ ဒသမ ၅ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း နိုင်ငံပိုင်အန်ကောဝပ်အန်တာပရိုက်စ်က သတင်းထုတ်ပြန်ထားသည်။

အဆိုပါနေရာသို့ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ ပြင်သစ်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ကမ္ဘာလှည့်ခရီးသည်များ အဓိကလာရောက်လည်ပတ်ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း အဆိုပါဒေသသို့ နိုင်ငံခြားခရီးသွား ၈၇၉၃၆ ဦး လာရောက်လည်ပတ်ရာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၃ သန်းရရှိပြီး ယမန်နှစ်ကထက် ၃၀ ရာခိုင်နှုန်းနှင့် အလားတူ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလနှင့် နှိုင်းယှဉ်ကြည့်ပါက ၂၈ ဒသမ ၅ ရာခိုင်နှုန်း အသီးသီးလျော့နည်းကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# ယူရိုဇုန်သို့ ၂၁ နိုင်ငံမြောက်အဖြစ် ဘူလ်ဂေးရီးယားနိုင်ငံ ဝင်ရောက်

**ဆိုဖီယာ ဇန်နဝါရီ ၁**

ဘူလ်ဂေးရီးယားနိုင်ငံသည် နှစ်သစ်ကူးနေ့မှစတင်၍ ယူရိုငွေကြေးကိုစတင်သုံးစွဲရာ ယူရိုဇုန်သို့ ဝင်ရောက်လာသည့် ၂၁ နိုင်ငံမြောက် နိုင်ငံဖြစ်လာသည်။ ၁၉၉၉ ခုနှစ်မှစတင်၍ နိုင်ငံပေါင်း ၁၁ နိုင်ငံက ယူရိုငွေကြေးကို အတူတကွ သုံးစွဲခဲ့ကြပြီး အဆိုပါနိုင်ငံများထဲတွင် ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့ ပါဝင်သည်။

ထိုအချိန်မှစတင်၍ ယူရိုဇုန်သို့ ဝင်ရောက်လာသည့် နိုင်ငံများမှာ တဖြည်းဖြည်း များပြားလာခဲ့သည်။ ၂၀၂၃ ခုနှစ်တွင် ခရိုအေးရှားနိုင်ငံက ယူရိုဇုန်သို့ ဝင်ရောက်ခဲ့ပြီးနောက် ဘူလ်ဂေးရီးယားနိုင်ငံသည် ယူရိုငွေကြေးသုံးစွဲရန် ပထမဆုံးချမှတ်သည့် နိုင်ငံဖြစ်လာသည်။ ငွေကြေးဟောင်းများနှင့် လဲလှယ်သည့် အစီအစဉ်သည် ဇန်နဝါရီလအတွင်းမှ စတင်မည်ဖြစ်သည်။

ဘူလ်ဂေးရီးယားနိုင်ငံ၏ တစ်ဦးချင်း ဂျီဒီပီသည် ဥရောပသမဂ္ဂနိုင်ငံများထဲတွင် အနိမ့်ဆုံးဖြစ်သည်။ ယူရိုငွေကြေး စတင်မိတ်ဆက်အသုံးပြုခြင်းသည် စီးပွားရေးလုပ်ငန်းများကို နှိုးဆွပေးနိုင်ပြီး နိုင်ငံခြားခရီးသွားများကိုတိုးမြှင့်နိုင်လိမ့်မည်ဟု ဘူလ်ဂေးရီးယားကမျှော်လင့်ထားသည်။ ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆာလာ ဗွန်ဒါလီယန်သည် ဒီဇင်ဘာ ၃၁ ရက်က ကြိုဆိုသည့် ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ယခုခြေလှမ်းသည် ဘူလ်ဂေးရီးယားနိုင်ငံအတွက် ကောင်းမွန်ပြီး ဥရောပတစ်ခုလုံးကိုလည်း ခွန်အားများ ပေးစွမ်းသည်ဟု ပြောကြားခဲ့သည်။ ကျွန်ုပ်တို့၏ စီးပွားရေးကို တစ်ကမ္ဘာလုံးနှင့် ပြိုင်ဆိုင်မှုအားကောင်းစေသည်ဟု ၎င်းကဆက်လက်ပြောကြားခဲ့သည်။ ဆွီဒင်နိုင်ငံအပါအဝင် ဥရောပသမဂ္ဂအဖွဲ့ဝင်ခြောက်နိုင်ငံသည် ယူရိုကို ၎င်းတို့၏ ငွေကြေးအဖြစ်သုံးစွဲခြင်းမရှိချေ။ ဆန္ဒခံယူပွဲကျင်းပ၍ ယူရိုဇုန်သို့ မဝင်ရန် မဲခွဲဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



# ပါကစ္စတန်နိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း ပိုလီယိုဖြစ်ပွားမှု သိသိသာသာလျော့ကျ

**အစ္စလာမ္မာဘတ် ဇန်နဝါရီ ၁**

ပါကစ္စတန်နိုင်ငံ၌ စဉ်ဆက်မပြတ် ကာကွယ်ဆေးလှုပ်ရှားမှုများနှင့် ရောဂါစောင့်ကြည့်မှုများကြောင့် ၂၀၂၅ ခုနှစ်အတွင်း ပိုလီယိုရောဂါဖြစ်ပွားမှု သိသိသာသာ ကျဆင်းလာသည်ဟု ကျန်းမာရေးအာဏာပိုင်များက ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ပြောသည်။

၂၀၂၄ ခုနှစ်အတွင်း ပိုလီယိုဖြစ်ပွားမှု ၇၄ ဦးတွေ့ရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၃၀ တွေ့ရှိခဲ့သည်။ ၂၀၂၅ခုနှစ် စက်တင်ဘာမှစတင်၍ တစ်နိုင်ငံလုံးအနှံ့ ပိုလီယိုဖြစ်ပွားမှု မတွေ့ရှိရတော့ချေ။ ၂၀၂၅ ခုနှစ်အတွင်း ကာကွယ်ဆေးတိုက်ကျွေးသည့်လှုပ်ရှားမှုပေါင်း ခြောက်ကြိမ်ပြုလုပ်ခဲ့သည်။ အချို့သော ကူးစက်မှုမြင့်မားနိုင်ခြေရှိသည့်နေရာများတွင် ဗိုင်းရပ်စ်ပျံ့နှံ့မှု ရှိနေသေးသည့်အတွက် ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်လာခြင်းမှ ကာကွယ်ရန် ကာကွယ်ဆေးတိုက်ကျွေးမှုများ ဆက်လက်လုပ်ဆောင်ရန် လိုအပ်ကြောင်း အာဏာပိုင်များက ပြောသည်။

နောက်ဆုံးတစ်ကြိမ် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးသည့် လှုပ်ရှားမှုမှာ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်အတွင်း လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ကာကွယ်ဆေးတိုက်ကျွေးမှုလုပ်ငန်းကို ၉၈ ရာခိုင်နှုန်း လွှမ်းခြုံနိုင်ခဲ့သည်။ အနောက်မြောက်ပိုင်းခိုင်ဘာပတ်ထွန်ခဝါ ပြည်နယ်တောင်ပိုင်းဒေသများတွင် ကာကွယ်ဆေးနှင့် လွဲချော်သွားသည့် ကလေးဦးရေမှာ ၁၈ ရာခိုင်နှုန်း ကျဆင်းသွားသည်။ ကျန်ရှိနေသေးသည့် ကူးစက်မှုများကို ဟန့်တား၍ ပိုလီယိုအမြစ်ပြတ်ရေး အောင်မြင်မှုရရှိစေရန် ပါကစ္စတန်အာဏာပိုင်များသည် ၂၀၂၆ ခုနှစ်တွင်လည်း ကြိုးပမ်းမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

**ဆင်ဟွာ**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း (၁၆-၁၂-၂၀၂၅ ရက်နေ့မှ ၃၁-၁၂-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL–50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှား များ | ၁၀ မိုက်ခရွန် အရွယ် ရှိသော အမှုန် အမွှား များ | ဆာလဖာ ဒိုင် အောက် ဆိုက် | နိုက် ထရိုဂျင် ဒိုင် အောက် ဆိုက် | အို ဇုန်း | ကာဗွန် မို နောက် ဆိုက် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးဇုန်ဟိုင်ဌာန၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ | စစ်ကိုင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | – | – | ကောင်းမွန် | | | – |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | – | – | ကောင်းမွန် | | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | လက်ခံနိုင်သော | |
| | ၂ | သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | မုဒုံမြို့ | ကောင်းမွန် | | | | | |
| ၁၁ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | – | – | ကောင်းမွန် | | – | – |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၄ | မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## ပခုက္ကူမြို့နယ်၌ ကာယနှင့်ဉာဏ စွမ်းရည်ပြိုင်ပွဲများကျင်းပ

**ပခုက္ကူ ဇန်နဝါရီ ၁**

ပခုက္ကူမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ကာယနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို အခြေခံပညာကျောင်းများ၌ ကျင်းပရှိသည်။

ပိုက်ကျော်ခြင်း၊ စားပွဲတင် တင်းနစ်၊ ပြေးခုန်ပစ် စသည့် ကာယစွမ်းရည်ပြိုင်ပွဲများ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၈၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဉာဏစွမ်းရည်ပြိုင်ပွဲအဖြစ် အထက်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၀၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၀၊ မူလတန်းအဆင့် စာစီစာကုံး၊ကဗျာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၄၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဘာမီသာ(ပခုက္ကူ)

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၄၉ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၁**

မြန်မာနိုင်ငံ အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၁ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ယနေ့တွင် မြဝတီ - မဲ့ထော်သလေး(KK Park) အပိုင်း(၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ်အဆောက်အအုံတစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၀ လုံး စုစုပေါင်းတရားမဝင်အဆောက်အအုံ ၁၁ လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၅၄၉ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ်အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင်အဆောက်အအုံ ၈၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

၎င်းအပြင် KK park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား ထပ်မံအသုံးပြုမှု မရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု (၁.၁.၂၀၂၆)




KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် နှစ်ထပ် လူနေအဆောက်အအုံများအား လေအိုးမီးအိုးဖြင့် ဖျက်ဆီးမှု။







KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံ။

# အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)တွင် အဓမ္မခိုင်းစေခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဇန်နဝါရီ ၁**

အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)တွင် အဓမ္မခိုင်းစေခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်(၁၀)နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာမန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် ကူမဲမြို့နေ ဒေါ်ဇာဇာစန်းနှင့် ခင်ပွန်းဖြစ်သူ ခင်မောင်လွင်တို့က မြစ်သားမြို့နယ်နေ လူငယ်လေးဦးတို့ကို ၎င်း၏သားဖြစ်သူ လွင်မင်းထက်မှာ ကမ္ဘောဒီးယား Online Slot Game လုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေပြီး Slot Game လုပ်ငန်း ပိုင်ရှင်နှင့် ရင်းနှီးကြောင်း၊ တစ်လလျှင် လစာငွေကျပ်သိန်း၄၀ ရရှိမည်ဖြစ်ကြောင်း၊ လမ်းစရိတ်အကုန်အကျခံ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း စည်းရုံးပြောဆိုပြီး မန္တလေးလေဆိပ်မှတစ်ဆင့် တာချီလိတ်မြို့၊ တာချီလိတ်မြို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံ၊ ထိုင်းနိုင်ငံမှတစ်ဆင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ Slot Game အလုပ်ရုံသို့ အဆင့်ဆင့်ပို့ဆောင်ခဲ့ကြောင်း၊ လူငယ်လေးဦးအနက် တစ်ဦးမှာ ကွန်ပျူတာစာစီစာရိုက်မရသဖြင့် ခေါင်းဆောင်ဖြစ်သူ စွမ်းလင်းထက်မှ လမ်းစရိတ်ကုန်ကျငွေ ဒေါ်လာ ၁၉၀၀ ကိုဖုန်းအမှတ် ၀၉-၇၆၇၇၀၄၄၁၀၊ Paing Thet Kyaw အမည်ဖြင့် ဖွင့်လှစ်ထားသည့် KBZ Pay Account သို့ ပေးလျော်ရန်၊ မပေးလျော်နိုင်ပါက ရောင်းစားမည်ဖြစ်ကြောင်းနှင့် ထွက်ပြေးပါက အစောင့်များက ကျင်စက် ဖြင့်တို့ပြီး ရိုက်နှက်နှိပ်စက်မည်ဟု ခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း၊ ကျန်လူငယ်သုံးဦးမှာ တစ်နေကုန် နားချိန်မရှိဘဲ အွန်လိုင်းမှ ငွေလိမ်သည့် အလုပ်များအား လုပ်ကိုင်ရကြောင်း၊ လိမ်လည်ရန် လူရှာမရပါက အကြိမ် ၂၀၀ ခန့် ဒိုက်ထိုးခိုင်းကြောင်း၊ ကွန်ပျူတာ စာစီစာရိုက်မရသည့် လူငယ်၏ အဖေမှ လျော်ကြေးငွေအဖြစ် မြန်မာငွေကျပ် ၁၀၅ သိန်းအား Paing Thet Kyaw Acc သို့ KBZ Pay ဖြင့် လွှဲပေးခဲ့ရာ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း စိစစ်သိရှိရသဖြင့် အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တရားလို ပြုလုပ်တိုင်တန်းခဲ့ရာ မြစ်သားမြို့နယ် ကူမဲနယ်မြေရဲစခန်း (ပ)၅၁/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(ခ) ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဒီဇင်ဘာ ၃၀ ရက်တွင် ကျောက်ဆည်ခရိုင် တရားရုံးမှ ဖမ်းမိတရားခံ ဒေါ်ဇာဇာစန်း နှင့် ဦးခင်မောင်လွင်တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဥပဒေပုဒ်မ ၃၆ အရ အလုပ်နှင့်ထောင်ဒဏ် တစ်ဆယ်နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ စွမ်းလင်းထက်၊ ပိုင်သက်ကျော်နှင့် လွင်မင်းထက်တို့ကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပခုက္ကူတက္ကသိုလ်၌ အသိပညာပေးဟောပြော



**ပခုက္ကူ ဇန်နဝါရီ ၁**

ပခုက္ကူတက္ကသိုလ်၌ မူးယစ်ဆေးဝါး အန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၃၀ ရက်က တက္ကသိုလ်ရှိ ကျွန်းရွှေဝါခန်းမ၌ ကျင်းပရာ ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က အမှာစကားပြောကြားပြီး ပခုက္ကူမြို့မစခန်းမှူး ဒုတိယရဲမှူး အောင်ကျော်စိုးက မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများနှင့် ဆိုးကျိုးများ၊ အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ်(ပခုက္ကူ)မှ ဒုတိယရဲအုပ်ဝင်းလှိုင်က လူကုန်ကူးမှုဖြစ်စဉ်များနှင့် နည်းလမ်းများ၊ တားဆီးကာကွယ်ရေး ဆောင်ရွက်ရမည့် နည်းလမ်းများကို အသိပညာပေးဟောပြောပြီး ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

**ဘာမီသာ(ပခုက္ကူ)**

## မဲဆန္ဒရှင်အားလုံး ပါဝင်မဲပေးနိုင်စေရေး အသိပညာပေး



**ပေါင် ဇန်နဝါရီ ၁**

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမကျေးရွာအုပ်စု၌ မဲဆန္ဒရှင်ပြည်သူအားလုံး ပါဝင်မဲပေးနိုင်စေရေး အသိပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျေးရွာရှိ မာဂဒူခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့်တာဝန်ရှိသူများ၊ ကျေးရွာဒေသခံပြည်သူများ တက်ရောက်သည်။ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ရွေးကောက်ပွဲ ပြုလုပ်မှုနှင့်ပတ်သက်၍ ဒေသခံပြည်သူများအား အသိပညာပေး ရှင်းလင်းဆွေးနွေးပေးကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

## သရက်ချောင်းမြို့နယ်၌ လွတ်လပ်ရေးနေ့အကြို ပိုက်ကျော်ခြင်းယှဉ်ပြိုင်ကစား



**သရက်ချောင်း ဇန်နဝါရီ ၁**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဖလား အမျိုးသားသုံးယောက်တွဲ (အလွတ်တန်း) ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက စတင်၍ မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

ပိုက်ကျော်ခြင်း အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ပြီး အသင်းများကို မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဦးလင်းနိုင်ဦးက ပြိုင်ပွဲတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အထကအသင်းနှင့် ပိန်းတောအသင်း၊ မီးသတ်အသင်းနှင့် ကျောက်မြောင်း(၁)အသင်းတို့က အဖွင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားကြပြီး ဇန်နဝါရီ ၃ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**ပြည့်ဖြိုးပိုင်(ပြန်/ဆက်)**

## အမျိုးသား အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲ စတင်



**အောင်လံ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အမျိုးသားအလွတ်တန်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဝင်းအတွင်း စတင်ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဦးမျိုးသိန်းက ပြိုင်ပွဲနှင့်ပတ်သက်ပြီး စည်းမျဉ်း၊ စည်းကမ်းများ ပြောကြားသည်။ အဆိုပါ အလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲကို အသင်းရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၃ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

## လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပွဲများကျင်းပ

**ငါးသိုင်းချောင်း ဇန်နဝါရီ ၁**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် (၇၈)နှစ်မြောက်



လွတ် လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ယမန်နေ့က အလက(ခွဲ)မြို့သစ်၌ ကျင်းပရာ အားကစားပြိုင်ပွဲများကို ကျောင်းအုပ်ဆရာကြီးက ဦးဆောင်၍ ဆရာ ဆရာမများက စီစဉ်ဆောင်ရွက်ပေးပြီး ကြက်တောင်ရိုက်အားကစားနည်း၊ ပိုက်ကျော်ခြင်းအားကစားနည်း၊ ဆန်ကောရွက်ပြိုင်ပွဲများ ကျင်းပပြီး မူလတန်းကလေးများအတွက် အာလူးကောက်ပြိုင်ပွဲများ၊ မုန့်စားပြိုင်ပွဲများ၊ တာတိုအပြေးပြိုင်ပွဲများ စသည့်အားကစားပြိုင်ပွဲများကို ကျင်းပသည်။

ထိုသို့ကျင်းပပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများ၏ အားကစားစိတ်ဓာတ်များဖြစ်ပေါ်လာစေပြီး ကလေးများ၏ ကာယ၊ ဉာဏစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

## မောက်မယ်မြို့၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ



**မောက်မယ် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ အသိပညာပေးဟောပြောပွဲနှင့် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ယမန်နေ့က သွားရောက်ဖြန့်ဝေပေးသည်။ အခမ်းအနားတွင် မြို့နယ်ဦးစီးအရာရှိ ဒေါ်နန်းမိုခမ်းက လွတ်လပ်ရေးသမိုင်းကြောင်းကို ရှင်းလင်းဟောပြောပြီး ဝန်ထမ်းများက သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**



## လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲ ကျင်းပ

**ဆိပ်ကြီးခနောင်တို ဇန်နဝါရီ ၁**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဆိပ်ကြီးခနောင်တိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကလေးပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးခိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ သီတာတင်ဝင်းတို့က အမှာစကားပြောကြားပြီး ကလေးငယ်များ၏ ကိုယ်အလေးချိန်၊ ကာကွယ်ဆေးထိုးနှံမှု၊ ကျန်းမာရေးနှင့် ဉာဏ်ရည်ဖွံ့ဖြိုးရေး၊ မိခင်နို့တိုက်ကျွေးရေး စသည်ဖြင့် အကဲဖြတ် အမှတ်ပေးကာ ဆုများချီးမြှင့်ပေးသည်။ **ဝေယံ(ပြန်/ဆက်)**



## ကျောက်တလုံးကြီး၌ လွတ်လပ်ရေးနေ့အကြို ပွဲတော်များ ကျင်းပ

**ကျောက်တလုံးကြီး ဇန်နဝါရီ ၁**

ကျောက်တလုံးကြီးမြို့၌ ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့က ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဝင်းက လွတ်လပ်ရေးနေ့သမိုင်းကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများက လွတ်လပ်ရေးနေ့အကြောင်း ဉာဏ်စမ်းပဟေဠိ၊ အင်္ဂလိပ်စာစွမ်းရည်၊ အထွေထွေဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး အသိပညာပေးနံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြပွဲများကို ဆက်လက်ကျင်းပသည်။ ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများထံ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **ဇော်နိုင်လင်း**



## ကျောက်ပန်းတောင်း၌ လွတ်လပ်ရေးနေ့သတင်းစကားဖြန့်ဝေ

**ကျောက်ပန်းတောင်း ဇန်နဝါရီ ၁**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ထုတ်ဝေသည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ကျောက်ပန်းတောင်းမြို့နယ်၌ ဒီဇင်ဘာ ၃၀ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး လက်ကမ်းစာစောင် ၅၀၀ ဖြန့်ဝေပေးသည်။ အဆိုပါ လက်ကမ်းစာစောင်အတွင်း လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရေး အသိပညာပေးမှုများ ပါဝင်သည်။

**နေအောင်(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ မဲရုံများကြိုတင်ပြင်ဆင်ထားမှု ကွင်းဆင်းစစ်ဆေး



**ကျောက်တန်း ဇန်နဝါရီ ၁**

ကျောက်တန်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အပိုင်း(၃)တွင် ကျင်းပမည့် မဲရုံများ ကြိုတင်ပြင်ဆင်ထားရှိမှုကို ဒီဇင်ဘာ ၂၈ ရက်က ကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးထွန်းဝေနှင့် တာဝန်ရှိသူများက ကျောက်တန်းမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်း ၂၀ မှ မဲရုံများကို ကွင်းဆင်းကြည့်ရှုသည်။

**သန့်ဇင်ထွန်း**

## ကျိုက်မရောမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ဟောပြော

**ကျိုက်မရော ဇန်နဝါရီ ၁**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဒီဇင်ဘာ ၃၀ ရက်က အမက မူလွန် ကလိုင်းကနိုင် ကျောင်းခန်းမ၌ ပြုလုပ်သည်။

အမကမူလွန် ကလိုင်းကနိုင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိမိ က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို ရှင်းလင်းဟောပြောသည်။ ထို့နောက် (၇၈)နှစ်မြောက် သတင်းစကား လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးပြီး လွတ်လပ်ရေးနေ့နှင့် သက်ဆိုင်သော နံရံကပ်စာစောင်များကို ပြသသည်။ **ချိုမြတ်ထွေး(ပြန်/ဆက်)**



## ဝန်းသိုမြို့၌ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်နှင့် စတစ်ကာများဖြန့်ဝေ

**ဝန်းသို ဇန်နဝါရီ ၁**

ဝန်းသိုမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်နှင့် စတစ်ကာများကို ဒီဇင်ဘာ ၃၀ ရက်က လူစည်ကားရာ မြို့မစည်ပင်သာယာဈေးနှင့် လမ်းဆုံလမ်းခွနေရာများ၌ ပြည်သူများလက်ဝယ်သို့ ဖြန့်ဝေပေးသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူကျော်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မိုးခက်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ ဈေးသူ ဈေးသားများအား ရွေးကောက်ပွဲဆိုင်ရာ သိကောင်းစရာများပါဝင်သည့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ဈေးဆိုင်ခန်းရှေ့မျက်နှာစာများ၌ စတစ်ကာများကပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ **မြို့နယ်(ပြန် /ဆက်)**

## အုတ်တွင်းမြို့နယ်၌ ဒို့အတူတူမဲပေးကြမယ် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**အုတ်တွင်း ဇန်နဝါရီ ၁**

အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဇန်နဝါရီ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူများအားလုံး ပါဝင်နိုင်ရေး၊ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေးပြည့်ဝစွာ ရရှိစေရေး၊ မဲပေးခြင်းသည် အမျိုးသားရေးတာဝန် ထမ်းဆောင်ခြင်း ဖြစ်ကြောင်း အသိပညာပေးသည့် ဒို့အတူတူမဲပေးကြမယ် တိုင်းရင်းသားဘာသာ ငါးမျိုးဖြင့် ရိုက်နှိပ်သည့်ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ယမန်နေ့က ဦးဝင်းဖေ လမ်းတစ်လျှောက် လူစည်ကားရာနေရာများ၌ ဖြန့်ဝေပေးခဲ့သည်။

**ခင်ခင်မာ(ပြန်/ဆက်)**





## ကျောက်တံခါးမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကျောက်တံခါး ဇန်နဝါရီ ၁**

ကျောက်တံခါးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၂၉ ရက်က အခြေခံပညာအထက်တန်းကျောင်း (အနောက်ရပ်)၌ ကျောင်းသား ကျောင်းသူများ၏ လက်ဝယ်အရောက် အခမဲ့ဖြန့်ဝေပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## မိုးညိုမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မိုးညို ဇန်နဝါရီ ၁**

(၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို မိုးညိုမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒီဇင်ဘာ ၃၀ ရက်တွင် မြို့ပေါ်အခြေခံပညာကျောင်းများသို့ လိုက်လံဖြန့်ဝေပေးသည်။

**ကိုမင်း(ပြန်/ဆက်)**





## ကွန်ဟိန်းမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်

**ကွန်ဟိန်း ဇန်နဝါရီ ၁**

ကွန်ဟိန်းမြို့နယ် (ဝမ်ပန်)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၊ လွတ်လပ်ရေးဖြစ်ပေါ်လာပုံ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောပြီး စာဖတ်စွမ်းရည်ပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



## ချောင်းဆုံမြို့၌ လွတ်လပ်ရေးနေ့ လက်ကမ်းစာစောင်ဖြန့်ဝေ

**ချောင်းဆုံ ဇန်နဝါရီ ၁**

ချောင်းဆုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ချောင်းဆုံအထက၌ ဒီဇင်ဘာ ၃၁ ရက်က လွတ်လပ်ရေး အထိမ်းမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေရာ မြို့နယ် ဒုတိယဦးစီးမှူး ဒေါ်နွေးနွေးဦးက လွတ်လပ်ရေးနှင့်ပတ်သက်၍ ရှင်းလင်း ဟောပြောကာ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ **ချောင်းဆုံ(ပြန်/ဆက်)**



## မိုးနဲမြို့နယ်၌ လွတ်လပ်ရေးနေ့ လက်ကမ်းစာစောင်ဖြန့်ဝေ

**မိုးနဲ ဇန်နဝါရီ ၁**

မိုးနဲမြို့၌ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့မအခြေခံပညာအလယ်တန်းကျောင်းတို့၌ ယမန်နေ့က ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေခဲ့ကြသည်။ **မျိုးညွှန့်ရွှေ(မိုးနဲ)**

## ကန့်ဘလူ၌ အားကစားပြိုင်ပွဲများကျင်းပ

**ကန့်ဘလူ ဇန်နဝါရီ ၁**

ကန့်ဘလူမြို့နယ်၌ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်က မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ ဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အသင်းပေါင်း ၁၃ သင်းအား သုံးသင်းသုံးအုပ်စုနှင့် လေးသင်း တစ်အုပ်စုဖြင့် အုပ်စုပွဲများ စတင်ယှဉ်ပြိုင်ကစားကြကာ စားပွဲတင်တင်းနစ် (လူကြီး/လူငယ်)အသင်း၊ ကြက်တောင်ရိုက်၊ ဘိလိယက်စနုကာ စသည့်အားကစားနည်းများ ပါဝင်သည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ဆောင်းသီးနှံစိုက်ပျိုးမှုနှင့် နွေစပါးစိုက်ပျိုးရန် ပြင်ဆင်နေမှု ကြည့်ရှု

**နေပြည်တော် ဇန်နဝါရီ ၁**

နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိ မြို့နယ် တဲကြီးကုန်းကျေးရွာအုပ်စု တဲကြီးကုန်းကျေးရွာ၌ ယနေ့နံနက်ပိုင်းက တောင်သူများနှင့် တွေ့ဆုံကာ ဆောင်းသီးနှံများ စိုက်ပျိုးထားရှိမှုနှင့် နွေစပါးစိုက်ပျိုးရန် ကွင်းဆင်း ကြည့်ရှုသည်။



နေပြည်တော်ကောင်စီဝင်သည် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေနော်ဝင်းနှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိ မြို့နယ် တဲကြီးကုန်းကျေးရွာရှိ ကွင်းအမှတ် (၁၆၅၄) တောင်သူ ဒေါ်ခိုင်နွယ်မိုး၏ ဆင်းရှေကြာ-၂ နေကြာ ၁၅ ဧက စိုက်ပျိုးထားရှိမှု၊ ကွင်းအမှတ် (၁၆၆၀) တောင်သူ ဦးစိန်၏ မတ်ပဲ စိုက်ပျိုးထားရှိမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက် လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု၊ ကွင်းအမှတ် (၁၆၅၉)ကွင်း တောင်သူ ဦးမျိုးနိုင်ဦး၏ ဆင်းရှေကြာ-၂ နေကြာစိုက်ပျိုးထားရှိမှု၊ ကွင်းအမှတ် (၁၆၆၂) ကွင်းတွင် နယူးရောကုမ္ပဏီမှ စပ်မျိုးစပါး ပျိုးထောင်ထားရှိမှုနှင့် ကွင်းအမှတ် (၁၆၆၀) တွင် တောင်သူ ဦးမိုးနိုင်၏ ပဲတီစိမ်းစိုက်ခင်း စိုက်ပျိုးထားရှိမှုတို့ကို လိုက်လံကြည့်ရှု ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရ သည်။

**နီလာ(ပြန်/ဆက်)**

# ဓနုဖြူ၌ မြို့နယ်ပြင်ပရောက်ဆန္ဒမဲပေးသူများ၏ ကြိုတင်မဲရေတွက်

**ဓနုဖြူ ဇန်နဝါရီ ၁**

ဓနုဖြူမြို့နယ် မြို့နယ်ရွေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မြို့နယ် ပြင်ပရောက် (ပြည်တွင်း)ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူများ၏ ကြိုတင် ဆန္ဒမဲများ ရေတွက်ခြင်းကို ဒီဇင် ဘာ ၂၆ ရက်က ရေတွက်ကြောင်း သိရသည်။



ကြိုတင်ဆန္ဒမဲ ရေတွက်ခြင်း ကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီ ကိုယ်စားလှယ် လောင်းများတို့၏ ရှေ့မှောက်တွင် ဓနုဖြူမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ ဝင်များက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသ ကြီးလွှတ်တော်၊ ကရင်နှင့် ရခိုင် တိုင်းရင်းသား စသည့် လွှတ်တော် အဆင့်ဆင့်တို့၏ ကြိုတင်ဆန္ဒမဲ များကို ရေတွက်ခဲ့ကြောင်းနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား အပိုင်း(၃)တွင် ဓနုဖြူမြို့နယ်၌ ကျေးရွာအုပ်စု ၆၃ အုပ်စု၊ ရပ်ကွက် ၁၈ ရပ်ကွက် တွင် မဲရုံပေါင်း ၁၅၈ ရုံဖြင့် ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# သနပ်ပင်မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ တတိယအကြိမ် ကပ်ထားကြေညာ

**သနပ်ပင် ဇန်နဝါရီ ၁**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ မဲဆန္ဒရှင်အမည်စာရင်းများကို အများပြည်သူကြည့်ရှုနိုင်ရေး မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စု များရှိ အုပ်ချုပ်ရေးမှူးရုံးများတွင် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းမှစတင်၍ တတိယအကြိမ် ကပ်ထားကြေညာသည်။ မဲဆန္ဒရှင်စာရင်းပြသမှုကို ဇန်နဝါရီ ၅ ရက်အထိ ကြေညာထားမည်ဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)



# ထားဝယ်မြို့ရှိ ဒေသခံပြည်သူများ နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆို

**ထားဝယ် ဇန်နဝါရီ ၁**

ဒီဇင်ဘာ ၃၁ ရက် နှစ်ဟောင်းကုန်ဆုံးသည့်နေ့ရက်အဖြစ် တနင်္သာရီ



တိုင်းဒေသကြီး ထားဝယ်မြို့၌ နှစ်သစ်ကို ကြိုဆိုကြရန် မိသားစုအလိုက်၊ မိတ်ဆွေ၊ သူငယ်ချင်း၊ အပေါင်းအသင်းများက အုပ်စုများဖွဲ့၍ ထားဝယ် မြို့ ကမ်းနားလမ်းရှိ ရွှေဝယ်ကမ်းသာရင်ပြင်၌ စည်ကားသိုက်မြိုက်စွာဖြင့် နှစ်သစ်ကူးပြောင်းမည့်အချိန်ကို စောင့်မျှော်ဆင်နွှဲခဲ့ကြသည်။

နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် ထားဝယ်မြို့ ကမ်းနားလမ်း တစ်လျှောက်တွင် ရောင်စုံမီးများ အလှဆင်ထားပြီး ဂီတအနုပညာကို ခံစားကြည့်ရှုနိုင်စေရန်အတွက် ဝါသနာရှင်များက စတိတ်ရှိုး၊ ဇာတ်သဘင်၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ညလုံးပေါက်စီစဉ်ဆောင်ရွက် ပေးထားရာ စိတ်ပျော်ရွှင် ချမ်းမြေ့စွာ ပါဝင်ဆင်နွှဲသူများဖြင့် စည်ကား လျက်ရှိသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။



# လွတ်လပ်ရေးနေ့အကြိုဟောပြောပွဲ ကျင်းပ

**တနင်္သာရီ ဇန်နဝါရီ ၁**

တနင်္သာရီမြို့နယ်၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့က တပ်ဦးအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သီသီခိုင်က လွတ်လပ်ရေးနေ့ဖြစ်ပေါ်လာပုံနှင့် လွတ်လပ်ရေးနှင့် စပ်လျဉ်းသည့် သိမှတ်ဖွယ်ရာများကို အသိပညာပေးဟောပြော၍ တက်ရောက်လာကြ သော ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်းပြိုင်ပွဲ ပြုလုပ်ပေး၍ ဆုများချီးမြှင့်ပေးအပ်ပြီး လွတ်လပ်ရေးနေ့ အသိပညာပေး စာစောင် များကို ပြသပေးခဲ့သည်။

**သီသီခိုင်(ပြန်/ဆက်)**



# မချမ်းဘော၌ ပန်းချီနှင့် စာစီစာကုံးယှဉ်ပြိုင်

**မချမ်းဘော ဇန်နဝါရီ ၁**

ပူတာအိုခရိုင် မချမ်းဘောမြို့၌ လွတ်လပ်ရေးနေ့အကြို စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၃၇ ဦးတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

**ယောရွှေနီ(မချမ်းဘော)**



မကွေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လွတ်လပ်ရေးနေ့အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင် များကို ဒီဇင်ဘာ ၃၁ ရက်က မကွေးမြို့ အခြေခံပညာကျောင်းများနှင့် အထက(ခွဲ) ကန်သာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးစဉ်။ ခရိုင်(ပြန်/ဆက်)



ဒလမြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် သားကောင်းမိခင်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးရုံး၌ ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းအဖွဲ့ဝင် ဒေါ်ချိုအိမ္ဗွန်က ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့် စဉ်။ ရဲရင့်သူ(ပြန်/ဆက်)

## မင်္ဂလာဒုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် အသိပညာပေး ဟောပြောပွဲ၊ လူငယ်စကားဝိုင်း၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဂိမ်းကစားနည်းပြိုင်ပွဲများကို ယမန်နေ့က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးသိန်းထွန်းအောင်က ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး စာရေးဆရာ ငွေစိုး(ရွှေကြိန့်မြေ)က အသိပညာပေး ဟောပြောသည်။

ထို့နောက် လူငယ်စကားဝိုင်းကို အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြပြီး ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ဘယ်ခြေညာလက်ပြိုင်ပွဲ၊ ခွက်ရွှေ့ပြိုင်ပွဲ၊ ခါးလှည့်ကွင်းပြိုင်ပွဲများကို ကျင်းပသည်။

**မင်းသိန်းထွန်း**

---

## ပခုက္ကူမြို့၌ ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်နှင့် လက်ရက်ကန်းခြောက်လသင်တန်းဆင်း




**ပခုက္ကူ ဇန်နဝါရီ ၁**

ပခုက္ကူမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်သူ တစ်နှစ်သင်တန်းနှင့် လက်ရက်ကန်းခြောက်လ (ဒုတိယကြိမ်) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပသည်။

ပခုက္ကူမြို့ ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာယုက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များနှင့် သင်တန်းမှတစ်ဆင့် ရရှိမည့် အကျိုးကျေးဇူးများ အကြောင်း ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ထူးချွန်သင်တန်းသူ သုံးဦးအား လက်ရက်ကန်းစင် တစ်စင်စီ ပေးအပ်ချီးမြှင့်သည်။

**ဘာမီသာ(ပခုက္ကူ)**

---

## မိုင်းဖြတ်မြို့နယ်၌ ဒို့အတူတူ မဲပေးကြမယ် မြေစိုက်ပိုစတာစိုက်ထူ

**မိုင်းဖြတ် ဇန်နဝါရီ ၁**



မိုင်းဖြတ်မြို့နယ်၌ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဒို့အတူတူ မဲပေးကြမယ် ရွေးကောက်ပွဲ လှုံ့ဆော်ရေး မြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဇန်နဝါရီ ၁ ရက်က ပြည်သူ့ပန်းခြံရှေ့၌ ဆောင်ရွက်သည်။

မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဒို့အတူတူမဲပေးကြမယ်ပိုစတာကို စိုက်ထူကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်း၍ လူစည်ကားရာ နေရာများ၌ ဒို့အတူတူ မဲပေးကြမယ် ရွေးကောက်ပွဲ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။

**သန်းထွန်းအေး(ပြန်/ဆက်)**

---

## ဘုတ်ပြင်းမြို့၌ အခြေခံပညာအဆင့် စာပေပြိုင်ပွဲများ ကျင်းပ

**ဘုတ်ပြင်း ဇန်နဝါရီ ၁**

ဘုတ်ပြင်းမြို့၌ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲကို ယမန်နေ့က အထက-ဘုတ်ပြင်းကျောင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



---

## ရွှေဘိုတက္ကသိုလ်၌ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်



**ရွှေဘို ဇန်နဝါရီ ၁**

ရွှေဘိုတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့က အဆိုပါ တက္ကသိုလ်ရှိ အားကစားရုံ၌ ကျင်းပရာ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် သင်္ချာအသင်း၊ ဒုတိယဆုရရှိသည့် သမိုင်းအသင်း၊ တတိယဆုရရှိသည့် ရူပဗေဒအသင်းများအား ရွှေဘိုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာမြယဉ်ယဉ်ငြိမ်း၊ ဒေါက်တာနွယ်နွယ်စိုး၊ ဒေါက်တာသီတာစိန်၊ ပါမောက္ခ (ဌာနမှူး) ဒေါ်စန်းစန်းမော်နှင့် သင်ကြားရေး ဆရာ ဆရာမများက ဂုဏ်ပြုဆုငွေ၊ ဆုဆွဲပြား၊ ဆုဖလားနှင့် တစ်ဦးချင်း အကောင်းဆုံးဆုများကို ချီးမြှင့်ပေးအပ်ခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

---

## ဟားခါးတက္ကသိုလ်၌ လွတ်လပ်ရေးနေ့အကြိုအထိမ်းအမှတ် အဆင့်မြင့်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကျင်းပ

**ဟားခါး ဇန်နဝါရီ ၁**

လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် အဆင့်မြင့်စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က ဟားခါးတက္ကသိုလ် အဆောင်(၂)၌ ကျင်းပရာ အဆင့်မြင့်စာစီစာကုံးပြိုင်ပွဲကို စည်းလုံးခြင်းဖြင့် ထိန်းသိမ်းကာကွယ်မည့် လွတ်လပ်ရေးနေ့ ခေါင်းစဉ်၊ ကဗျာပြိုင်ပွဲကို အားမာန်အပြည့်ဖြင့် ထိန်းသိမ်းကာကွယ်ရမည့် လွတ်လပ်ရေးနေ့ ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ကြပြီး ကျောင်းသား ကျောင်းသူ ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



ပင်းတယမြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ် အသိပညာပေး လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဝန်ထမ်းများက ဒီဇင်ဘာ ၃၁ ရက်တွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖြန့်ဝေစဉ်။ အောင်ကိုဦး(ပြန်/ဆက်)

---



## ဇီးကုန်းမြို့နယ်၌ ကြိုတင်ဆန္ဒမဲပေး

**ဇီးကုန်း ဇန်နဝါရီ ၁**

ဇီးကုန်းမြို့နယ်၌ ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း(၂)၌ မဲရုံတွင် တာဝန်ထမ်းဆောင်မည့်သူများ ယနေ့နံနက်ပိုင်းက မြို့နယ်ခန်းမ၌ ကြိုတင်ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

---



## ကံမမြို့နယ်၌ ကြိုတင်ဆန္ဒမဲပေး

**ကံမ ဇန်နဝါရီ ၁**

ကံမမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၂)ကို ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့်သူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို ဇန်နဝါရီ ၁ ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ကြသည်။

**ကျော်ဇေယျဝင်း(ကံမ)**

---



## မိုးညိုမြို့နယ်၌ မဲရုံအသီးသီးတွင် တာဝန်ထမ်းဆောင်ကြမည့်သူများ ကြိုတင်ဆန္ဒမဲပေး

**မိုးညို ဇန်နဝါရီ ၁**

မိုးညိုမြို့နယ် ရွှေဥဒေါင်းရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်အတွင်းရှိမဲရုံအသီးသီးတွင် တာဝန်ထမ်းဆောင်ကြမည့်သူများ ကြိုတင်ဆန္ဒမဲပေးခြင်းကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက စတင်ပြုလုပ်ခဲ့သည်။

**ကိုမင်း(ပြန်/ဆက်)**

---



ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်ကလေးကျန်းမာရေးဌာန ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များ၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ကျန်းမာသန်စွမ်း၊ ရောဂါကင်းစင်စေရေးအတွက် အသက်အရွယ်အလိုက် လစဉ်ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးလျက်ရှိရာ ဇန်နဝါရီ ၁ ရက်က ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးစဉ်။

ကျော်ဆန်း

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘာလေသိန်းဆုဌာနခွဲ

**(၈၂)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့**

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။ *အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဆ - ၇၀၄၈၆၀

ကံထူးရှင်(၁)ဦး

### အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ

ဠ - ၁၀၇၇၀၂ ဆ - ၇၆၅၀၁၈

ကံထူးရှင်(၂)ဦး

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ

ခ - ၂၄၄၈၁၈ ဃ - ၅၀၁၁၁၅

ကံထူးရှင်(၂)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ဠ - ၁၄၅၈၅၈ | ဂ - ၆၀၃၁၈၇ |
| င - ၃၆၆၄၆၈ | ဌ - ၈၃၃၉၆၀ |
| ဠ - ၅၇၃၉၇၀ | ဈ - ၈၆၂၆၉၇ |

ကံထူးရှင်(၆)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

| | | |
|---|---|---|
| ဂ - ၁၉၅၄၂၅ | ည - ၆၄၀၈၅၂ | စ - ၈၈၁၄၈၅ |
| က - ၂၉၇၂၈၃ | ဂ - ၈၀၁၇၂၇ | ည - ၈၉၀၆၂၄ |
| ဂ - ၅၀၉၇၉၆ | စ - ၈၄၉၂၄၂ | ဇ - ၉၁၇၃၅၂ |
| ဇ - ၅၁၄၆၉၄ | ဌ - ၈၅၅၂၆၁ | ဆ - ၉၅၈၈၂၂ |

ကံထူးရှင်(၁၂)ဦး

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

| | | |
|---|---|---|
| ဇ - ၁၆၄၉၃၅ | ဠ - ၃၆၄၅၈၄ | ခ - ၈၀၃၀၈၉ |
| ဆ - ၁၇၈၀၈၁ | ဌ - ၄၀၅၀၇၁ | ဆ - ၈၅၃၇၄၂ |
| က - ၂၀၇၆၄၂ | ဆ - ၆၃၀၁၂၃ | ဌ - ၈၈၈၃၂၅ |
| ဆ - ၂၉၆၀၆၃ | ည - ၆၇၉၄၉၂ | က - ၈၉၅၃၃၅ |
| ဈ - ၃၃၀၇၁၉ | | |

ကံထူးရှင်(၁၃)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| ဃ - ၁၁၈၈၀၆ | ဌ - ၆၉၁၅၂၄ |
| ဠ - ၂၁၈၆၅၅ | ဆ - ၇၈၀၇၆၆ |
| ဌ - ၂၁၈၇၅၉ | ခ - ၈၁၁၄၉၅ |
| စ - ၃၈၂၅၆၃ | ဇ - ၈၂၄၆၅၇ |
| င - ၄၃၅၇၂၂ | ဃ - ၉၂၂၇၆၅ |
| င - ၄၇၃၇၀၉ | ည - ၉၇၂၃၉၁ |
| ဆ - ၅၂၅၄၉၀ | ည - ၉၈၈၇၀၄ |
| က - ၆၅၁၄၈၇ | |

ကံထူးရှင်(၁၅)ဦး

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

| | | |
|---|---|---|
| က - ၁၆၆၈၇၃ | စ - ၅၅၄၀၆၂ | ဇ - ၆၈၈၅၂၀ |
| ဌ - ၃၁၄၄၈၇ | ဈ - ၅၅၇၉၇၀ | က - ၇၇၅၀၉၅ |
| ည - ၃၂၆၂၅၇ | က - ၅၇၄၉၂၁ | ဈ - ၈၆၄၂၇၉ |
| ဇ - ၃၉၁၄၀၀ | ဈ - ၆၁၃၅၄၅ | ဈ - ၉၄၅၉၄၇ |
| စ - ၄၀၁၄၁၄ | ဃ - ၆၃၃၇၇၉ | ခ - ၉၅၂၇၃၇ |
| က - ၄၂၈၁၁၆ | ဌ - ၆၅၃၃၀၃ | က - ၉၇၄၅၃၀ |
| စ - ၄၅၀၃၆၈ | | |

ကံထူးရှင်(၁၉)ဦး

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

| | |
|---|---|
| ဠ - ၁၃၄၇၅၄ | ဌ - ၆၈၆၆၂၄ |
| င - ၂၇၄၉၃၃ | က - ၇၁၄၉၆၆ |
| င - ၃၁၉၀၃၉ | က - ၇၅၄၈၆၅ |
| ဌ - ၃၄၀၈၇၆ | က - ၈၄၀၅၆၉ |
| က - ၄၁၈၈၅၃ | ဠ - ၈၆၈၂၂၃ |
| ည - ၅၂၂၆၄၇ | ဌ - ၈၇၃၆၈၇ |
| ည - ၅၂၅၀၄၄ | ည - ၈၈၁၈၁၄ |
| င - ၅၆၃၆၅၁ | စ - ၉၃၈၃၁၀ |
| ဠ - ၆၂၆၄၂၃ | က - ၉၅၉၆၆၄ |
| ဃ - ၆၃၀၈၉၀ | င - ၉၆၅၃၈၂ |
| ဃ - ၆၄၄၉၈၆ | |

ကံထူးရှင်(၂၁)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၃)ယူနစ်

ခ - ၄၂၀၈၀

ည - ၅၄၀၄၂

ဌ - ၈၈၇၃၁

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၃၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၈)ယူနစ်

| | |
|---|---|
| စ - ၁၆၁၂ | ဆ - ၆၀၂၅ |
| က - ၃၈၂၁ | ဇ - ၈၄၃၆ |
| က - ၄၂၆၃ | ဃ - ၈၄၇၁ |
| ဈ - ၅၀၆၅ | ဆ - ၉၃၄၈ |

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၈၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၈)ယူနစ်

| | | |
|---|---|---|
| စ - ၃၀၃ | ဈ - ၄၂၀ | ဂ - ၉၀၂ |
| ဇ - ၃၃၈ | ခ - ၅၅၄ | ဠ - ၉၆၉ |
| ခ - ၃၉၃ | ည - ၅၆၉ | |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၈၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၆)ယူနစ်

ဠ - ၃၀ င - ၇၆ ဆ - ၈၁ ဃ - ၈၄ င - ၈၉ ဠ - ၈၉

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၆၀၀၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်

ဌ - ၈

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ

| | |
|---|---|
| ခ - ၁၆၇၇၆၇ | ဆ - ၆၀၃၉၅၃ |
| ဌ - ၅၅၄၇၁၅ | ဠ - ၉၁၁၃၂၇ |

ကံထူးရှင်(၄)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်

စ - ၄၀၃၄၆ ဂ - ၉၂၈၉၈

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်

ဂ - ၂၀၅၆ ဇ - ၃၈၈၁

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်

စ - ၇၄၆ ဌ - ၈၀၀

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် ကျင်းပသည့် (၈၂)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၁၇၁၁၄၅ ) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၁၇၁၁၄၅ ) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၈၃)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဍ) အက္ခရာထိ အက္ခရာ (၁၃)လုံး ဖြစ်ပါသည်။

၃။ (၈၂)မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၅ - ၁ - ၂၀၂၆ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၁၃ - ၁ - ၂၀၂၆ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း၊မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း၊မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်
## (၁၄) ကြိမ်မြောက်ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် (၂၀၂၄-၂၀၂၅) ပညာသင်နှစ်တွင် အင်ဂျင်နီယာဘွဲ့ သင်တန်း၊ ဘွဲ့လွန်ဒီပလိုမာ (အာကာသနှင့် ဂြိုဟ်တုစနစ်နည်းပညာ) သင်တန်းနှင့် မဟာအင်ဂျင်နီယာဘွဲ့သင်တန်းဘွဲ့ရ စာမေးပွဲကို ဖြေဆိုအောင်မြင်ခဲ့ကြသည့် သင်တန်းသားများအား အင်ဂျင်နီယာဘွဲ့အပ်နှင်းရန် (၁၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ဘွဲ့နှင်းသဘင် တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်-

| | | |
|---|---|---|
| **အစမ်းလေ့ကျင့်မည့်ရက်** | - | ၂၄-၁-၂၀၂၆ ရက် (စနေနေ့) |
| **ဘွဲ့အပ်နှင်းမည့်ရက်** | - | ၂၅-၁-၂၀၂၆ ရက် (တနင်္ဂနွေနေ့) |
| **ကျင်းပမည့်အချိန်** | - | နံနက် (၉:၀၀) နာရီ |
| **ကျင်းပမည့်နေရာ** | - | မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ |

၂။ ဘွဲ့အပ်နှင်းရေးအတွက် မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံဖြင့် (၂) လအတွင်း ရိုက်ကူးထားသော (၂ x ၁.၅) လက်မအရွယ် ဓာတ်ပုံ (၅)ပုံ (ဓာတ်ပုံ၏အောက်တွင် မှတ်ပုံတင်နံပါတ်ထည့်သွင်း ရိုက်ကူးခြင်း မပြုရန်) နှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်ပါသည်။

၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဤတက္ကသိုလ်ကျောင်းသားရေးရာဌာနတွင် ဝယ်ယူ၍ ပြည့်စုံစွာဖြည့် စွက်ပြီး မှတ်ပုံတင်မိတ္တူတစ်စုံပူးတွဲ၍ (၁၅-၁-၂၀၂၆) ရက် နောက်ဆုံးထားပြီးလျှောက်ထားရမည်။

၄။ ဘွဲ့နှင်းသဘင် တက်ရောက်လိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀၀/- (ကျပ်-တစ်သောင်းငါးထောင်တိတိ)၊ အဝေးရောက်ဘွဲ့ ယူလိုသူများသည် ဘွဲ့နှင်းသဘင်ကြေး ၁၀၀၀၀/- (ကျပ်- တစ်သောင်းတိတိ) ပေးသွင်းရပါမည်။ စာတိုက်မှ ဘွဲ့နှင်းသဘင်ကြေး ပေးပို့မည်ဆိုပါက ငွေပို့လွှာတွင် ဘွဲ့နှင်းသဘင်ကြေး ပေးပို့ခြင်း (တက်ရောက်/အဝေးရောက်)ဟု ဖော်ပြပြီး ပါမောက္ခချုပ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်သို့လိပ်မူ၍ လျှောက်လွှာရှင်၏ အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့် ခုနှစ်၊ လနှင့် နေရပ်လိပ်စာအပြည့်အစုံတို့ကို တိကျစွာ ဖော်ပြရပါမည်။ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၅။ ယခင်နှစ်မှဘွဲ့ရစာမေးပွဲ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်လွှာတင်သွင်းပြီး တက်ရောက်ယူရန် ပျက်ကွက်ပါက တစ်နှစ်ဆိုင်းငံ့ ပြီးမှသာ ဘွဲ့လက်မှတ်ကိုထုတ်ပေးမည်ဖြစ်ပါသည်။

**မှတ်ချက်** ။ ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤ တက္ကသိုလ် သင်တန်းရေးရာ ဌာန (ဖုန်း - ၀၉-၉၄၂၄၂၂၄၄၆)တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြဲစွမ်းအင်နှင့်ရေအားစက်ရုံများဌာန လက်အောက်ရှိ ကွန်းချောင်းဓာတ်အားပေးစက်ရုံအတွက် လျှပ်စစ်ပိုင်းဆိုင်ရာ စက်အရံပစ္စည်း(၂)မျိုးအား Tender No.48(Re-T)/EPGE (REHP)/2025-2026 (DDP At Site)မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

၂။ ခေါ်ဆိုမည့် တင်ဒါများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) စာအိတ်(က)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

| | | |
|---|---|---|
| ၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** | - | ၁-၁-၂၀၂၆ရက် မှ ၁၃-၁-၂၀၂၆ရက်အထိ |
| ၄။ **တင်ဒါရောင်းချမည့်အချိန်** | - | ၁၀:၀၀ နာရီမှ ၁၆:၀၀ နာရီအထိ |
| ၅။ **တင်ဒါပိတ်ရက်နှင့်အချိန်** | - | ၁၄-၁-၂၀၂၆ရက် (၁၃:၀၀)နာရီ |
| ၆။ **တင်ဒါရောင်းချမည့်နေရာ/ လက်ခံမည့်နေရာ** | - | လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော် |

၇။ တင်ဒါပုံစံအား ဝန်ကြီးဌာန Web-Portal (www.moep.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**(ဖုန်း-၀၉-၄၄၈၅၃၃၈၉၄)**

## အများသိစေရန်အသိပေးကြေညာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၊ မြေကွက်အမှတ် ၃၀၈၊ မြေကွက်တည်နေရာအမှတ် (၃၀၈)၊ ဝန်းသိုလမ်း၊ (၄၀) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဦးမြင့်ဆွေ) DNU-၀၄၈၉၁၇ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးမြင့်ဆွေ မြေကွက်အား ပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် -၉၇၈၄/၂၀၂၃ (၆-၁၁-၂၀၂၃)ဖြင့် ရရှိသူ ဦးတင်ဝင်းအောင် (၁၂/သဃက(နိုင်)၀၀၀၆၂၇) ဒေါ်ကေကေဝင်းနောင် (၁၂/ဒဂမ (နိုင်)၀၂၈၉၃၅)၊ ဦးညီညီအောင် (၁၂/ဒဂမ(နိုင်)၀၄၀၃၆၀)တို့မှ ပိုင်ဆိုင်ပြီး ၎င်းတို့ (၃)ဦးအနက်မှ ကိုယ်တိုင်နှင့် ကျန်တစ်ဦးဖြစ်သူ ဦးတင်ဝင်းအောင်၏ GP-No.၁၉၂၁၂/၂၀၂၂ ဖြင့် ရသူ ဒေါ်ကေကေဝင်းနောင်နှင့် ဦးညီညီအောင်တို့မှ ပါဝါ၊ ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ ပိုင်ဆိုင်စာချုပ်ဂရန်မူရင်း ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက် ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သီးခြားသတင်းစာတို့တွင် ထည့်သွင်းကြော်ငြာခဲ့ရာ ကြော်ငြာရက်ပြည့်ပြီး ကန့်ကွက်မှု မပေါ်ပေါက်ပါသဖြင့် ဒဂမ/ဂရ မိတ္တူ ၂၀၂၃၀၃၆၄၉၁/၂၀၂၃ (၁၃-၁၂-၂၀၂၃)ဖြင့် GP ဒေါ်ကေကေဝင်းနောင်+၁ မှ ဂရန်မိတ္တူလျှောက်ထားခြင်းအား ခွင့်ပြုပြီး ဖြစ်ပါသဖြင့် မြို့မြေစာရင်း (Town Land Roll) တွင် မှတ်သားထားသည့် အမှုတွဲအမှတ် ၁၁၆၀၂၁ ဒဂမ/၄၀/ရေ (၈၈) (၁၂-၅-၁၉၉၅)ဖြင့် ထုတ်ပေးထားသည့် နှစ် (၆၀) မြေငှားစာချုပ်(ဂရန်)မူရင်းအား ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ဂရန်မိတ္တူခွင့်ပြုပြီး ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်သည်။ လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ် (စစ်ကိုင်း)
## (၁၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား
## ဘွဲ့နှင်းသဘင် ကြေညာချက်

(၁) နည်းပညာတက္ကသိုလ်(စစ်ကိုင်း) ၏ (၁၄) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို နည်းပညာတက္ကသိုလ် (စစ်ကိုင်း) ဘက်စုံသုံးအားကစားခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည် ဖြစ်ပါသည်-

| | | |
|---|---|---|
| **အကြိုလေ့ကျင့်ခြင်း** | - | ၁၄-၂-၂၀၂၆ ရက် (စနေနေ့) နံနက်ပိုင်း၊ နံနက် ၉:၀၀ နာရီ (မြို့ပြ၊ အီလက်ထရောနစ်၊ လျှပ်စစ်စွမ်းအားနှင့် စက်မှု) |
| **ဘွဲ့နှင်းသဘင်ကျင်းပခြင်း** | - | ၁၅-၂-၂၀၂၆ ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်း၊ နံနက် ၉:၀၀နာရီ (မြို့ပြ၊ အီလက်ထရောနစ်၊ လျှပ်စစ်စွမ်းအား နှင့် စက်မှု) |

(၂) ဘွဲ့နှင်းသဘင်အခမ်းအနားသို့ (၂၀၂၅)ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E စာမေးပွဲ အောင်မြင်ပြီးသူများ တက်ရောက်ဘွဲ့ယူနိုင်သည်။

(၃) ဘွဲ့လျှောက်လိုသူများသည် ဘွဲ့လျှောက်လွှာများကို နည်းပညာတက္ကသိုလ် (စစ်ကိုင်း) သင်တန်းရေးရာဌာနတွင် ထုတ်ယူနိုင်ပြီး လွန်ခဲ့သော (၃) လအတွင်း ရိုက်ကူးထားသော ဓာတ်ပုံ (မြန်မာဝတ်စုံ/အနောက်တိုင်းဝတ်စုံအပြည့်ဖြင့် ရိုက်ကူးထားသော) တစ်လက်မခွဲ x နှစ်လက်မ အရွယ် (၅)ပုံ၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် ကျောင်းသား/ကျောင်းသူ မိဘမှတ်ပုံတင်မိတ္တူများ ပူးတွဲ၍ ဘွဲ့တက်ရောက်ယူသူများသည် (၁၅၀၀၀)ကျပ်၊ အဝေးရောက်ဘွဲ့ယူသူများသည် (၁၀၀၀၀)ကျပ်တို့ကို ငွေစာရင်းဌာနသို့ ပေးသွင်းလျှောက်ထားကြရမည် ဖြစ်ပါသည်။

(၄) ဘွဲ့နှင်းသဘင် လျှောက်လွှာတင်သွင်းခြင်းကို (၁၂-၁-၂၀၂၆) မှ (၂၃-၁-၂၀၂၆ ) ရက်ထိ ရုံးချိန်အတွင်း လျှောက်ထားနိုင်ပါသည်။

(၅) ယခင်နှစ်များမှ ဘွဲ့လျှောက်ထားရန် ပျက်ကွက်ခဲ့သူများသည် အဝေးရောက် ဘွဲ့ကိုသာ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက နည်းပညာ တက္ကသိုလ် (စစ်ကိုင်း)ရှိ သင်တန်းရေးရာဌာန (ဖုန်း-၀၉-၂၆၆၈၆၄၆၆၂) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနကြီးမှူး(သင်တန်းရေးရာ)**
**နည်းပညာတက္ကသိုလ်(စစ်ကိုင်း)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ရွှေဝါလမ်း အမှတ် (၈) နေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးသန်းထွဋ် ၁၂/သလန (နိုင်)၀၃၀၈၃၅ နှင့် ဒေါ်မိုးမိုးသင်း ၁၂/သလန(နိုင်)၀၀၃၀၅၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေတို့၏ သားဖြစ်သူ မောင်မင်းဟိန်းခန့်(ဘ) ဦးသန်းထွဋ် ၁၂/သလန(နိုင်)၁၁၈၃၉၈သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အမြဲတစေ မိဘများအား စိတ်ဆင်းရဲကိုယ်ဆင်းရဲစေသည့် မိဘများခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များအား အကြိမ်ကြိမ်ဆောင်ရွက်နေသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် မောင်မင်းဟိန်းခန့်နှင့် ပတ်သက်၍ ၎င်းပြုလုပ်ဖြစ်ပေါ်လာသည့် ကိစ္စမှန်သမျှသည် ကျွန်ုပ်မိတ်ဆွေတို့နှင့် လုံးဝ ပတ်သက် သက်ဆိုင်ခြင်းမရှိသည့်အပြင် ကျွန်ုပ်မိတ်ဆွေတို့အနေဖြင့် တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်လှ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၅၀)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆၊ ၀၉-၇၉၉၄၂၃၇၉၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/62033, Shaya - 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းသန့် ၅/ဝလန(နိုင်)၁၄၃၈၈၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**(မန္တလေးမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/46539, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်လွင် ၁၄/ကကန(နိုင်)၀၈၄၂၃၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၅/၃ ရပ်ကွက်၊ မြေတိုင်း ၂၅၊ သီရိမင်္ဂလာပတ်လမ်း၊ အမှတ်-၇၅ (ခ)လိပ်စာပါ ပေ ၂၀ x ပေ ၆၀ မြေနှင့် ယင်းပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား ဦးခင်အောင် အမည်ပေါက် မြေချပါမစ်နှင့်တကွ လက်ရှိထားပိုင်ဆိုင်နေထိုင်သည့် ဒေါ်ယဉ်ယဉ်နွဲ့ (ခ) ဒေါ်ယဉ်ယဉ်နု ၁၂/ရပသ(နိုင်)၀၂၄၈၆၁ ထံမှ ဒေါ်ညွန့်ရီ ၁၂/ရပသ(နိုင်)၀၂၄၇၀၅ မှ ဝယ်ယူရန် သဘောတူပြီးဖြစ်၍ စရန်ငွေ တစ်စိတ်တစ်ပိုင်း ပေးချေပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ အိမ်၊ မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား အပြီးသတ်ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးဇော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၂၀)**
**အမှတ်-၃၃၃ (က)၊ ကျောက်စိမ်းလမ်း၊ ၅/၈ ရပ်ကွက်၊ ရွှေပြည်သာမြို့၊**
**ဖုန်း-၀၉-၄၅၀၈၈၆၃၅၃**

## ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့
## ၂" x ၂" အရွယ် မြန်မာ့ရိုးရာလက်မှုရွှေရာဆိုင်း (၁၀၀၀၀) ဆိုင်းနှင့် စက်မှုရွှေရာဆိုင်း (၁၅၀၀၀)ဆိုင်း ဝယ်ယူရန် ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ၂၀၂၆ ခုနှစ် အတွင်း ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း လုပ်ငန်းများတွင် အသုံးပြုရန် ၂" x ၂" အရွယ် ရွှေရာဆိုင်း မြန်မာ့ရိုးရာလက်မှု ရွှေဆိုင်း (၁၀၀၀၀) ဆိုင်းနှင့် စက်မှုရွှေဆိုင်း (၁၅၀၀၀) ဆိုင်းကို ဈေးပြိုင်တင်ဒါစနစ်ဖြင့် ဝယ်ယူပါမည်။

၂။ ရွှေဆိုင်းရောင်းချလိုသူများအနေဖြင့် ဈေးပြိုင်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၅၀,၀၀၀/- နှုန်းဖြင့် (၅-၁-၂၀၂၆မှ ၉-၁-၂၀၂၆) ရက်အထိ၊ ဂေါပကအဖွဲ့ရုံး၊ ရွှေနှင့်ရတနာဌာန၌ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါဖွင့်ဖောက်ရွေးချယ်ခြင်းကို ၂၉-၁-၂၀၂၆ ရက် (ကြာသပတေးနေ့)၊ မွန်းလွဲ (၁၃၀၀) နာရီတွင် ရင်ပြင်တော် တောင်ဘက် ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ပြုလုပ်ပါမည်။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း(၀၁-၃၇၅၇၆၇) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ မြွေရိုးကျောင်းစုကျေးရွာအုပ်စု၊ ဆည်စုကျေးရွာနေ ကျွန်တော် ဦးအောင်ထူး ၁၂/လကန(နိုင်)၂၁၃၂၀၁ နှင့် ဆည်စုကျေးရွာနေ ဒေါ်စီစီအောင် ၉/လဝန(နိုင်)၂၄၂၆၀၅ သည် (၂၀၁၄)ခန့်မှစတင်၍ နှစ်ဦးသဘောတူ ပေါင်းသင်းနေထိုင်ခဲ့ပြီး ဒေါ်စီစီအောင်သည် (၂၀၂၅) ခုနှစ် (၁၁) လပိုင်းတွင် သူမ၏ သဘောဆန္ဒအလျောက် အိမ်မှထွက်ခွာသွားခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်တော် ဦးအောင်ထူးသည် ယနေ့မှစ၍ ဒေါ်စီစီအောင်အား ဤကြေညာပါသည့်ရက်မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်သက်ဆိုင်သည့် ကိစ္စအဝဝအားလုံးအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးအောင်ထူး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူငြိမ်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၂၄)**
**ဂေါ်မိတ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ လယ်ဝေးမြို့၊ နေပြည်တော်၊**
**ဖုန်း-၀၉-၂၅၉၂၇၀၆၈၆**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ မြွေရိုးကျောင်းစုကျေးရွာအုပ်စု၊ ဆည်စုကျေးရွာနေ ဦးမြမောင် ၉/လဝန(နိုင်) ၀၁၃၀၇၀ နှင့် ဒေါ်ညွန့်ရီ ၉/လဝန (နိုင်) ၃၄၂၁၁၀ တို့၏ သမီးဖြစ်သူ ဒေါ်စီစီအောင် ၉/လဝန(နိုင်)၂၄၂၆၀၅ သည် မိဘများ၏ ဆုံးမမှုကို မနာခံဘဲမိဘများအား ကိုယ်စိတ်ဆင်းရဲစေရန် အမျိုးမျိုးပြုလုပ်ဆောင်ရွက်ပြီး မိမိသဘောဖြင့် နေအိမ်မှ ထွက်ခွာသွားခဲ့သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်သက်ဆိုင်သည့် ကိစ္စအဝဝအားလုံးအား မိဘများမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမြမောင် နှင့် ဒေါ်ညွန့်ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူငြိမ်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၂၄)**
**ဂေါ်မိတ်လမ်း၊ အမှတ်(၁) ရပ်ကွက်၊ လယ်ဝေးမြို့၊ နေပြည်တော်၊**
**ဖုန်း-၀၉-၂၅၉၂၇၀၆၈၆**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ ရေပေါ်ကန် ကျေးရွာနေ မဝါဝါမျိုး စ.သ-၁၁၆ (၀၂၆)၏ ဖခင် ဦးဇော်လင်းအောင်၏ အမည်မှန်မှာ ဦးဇော်လင်း ၁၂/သခန(နိုင်)၀၇၆၈၄၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပေါက်ခေါင်းမြို့၊ အထက အိုးဘိုကုန်း Grade-11 (C) မှ မနီလာဝေ၏ ဖခင်အမည်မှန်မှာ ဦးကျော်စန်းလှိုင် ၇/ပခတ(နိုင်) ၀၄၉၇၉၆ ဖြစ်ပါကြောင်း။

**ဦးကျော်စန်းလှိုင်**

## မွေးသက္ကရာဇ်အမှန်ဖြစ်ကြောင်း

ကျွန်တော် မောင်ဟိန်းထက်အောင် (ဘ) ဦးကြည်ဝင်း ၁၂/ထတပ (နိုင်) ၁၆၅၈၅၉ ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၁-၁၀-၂၀၀၅) ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မောင်ဟိန်းထက်အောင်**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ်(၅/ပဒေသာ)၊ ဦးပိုင်အမှတ် (၄၃၄)၊ မြေဧရိယာ (၀.၁၁၆ ၀၅၅)ဧကရှိ မြေအကျိုးခံစားခွင့်များကို ဒေါ်ရွှေတားမီး ၉/ပဥလ (နိုင်)၀၀၂၄၈၃က မြေငှားဂရန်အသစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ပြင်ဦးလွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ် (၁၀၆၆) ဟုခေါ်တွင်သော မြေအလျား x အနံ (၄၀ x ၆၀) ပေ အကျယ်အဝန်းရှိ နှစ် (၆၀) မြေငှား ဂရန်မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ရီရီလှ (၁၂/ပဇတ(နိုင်)၀၁၃၉၂၅) ထံမှ ကျွန်ုပ် တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ် စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့် ရက်မှစ၍ (၇)အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ (စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၃)ရပ်ကွက်၊ ဗိုလ်တေဇလမ်းသွယ်(၅)လမ်းရှိ ကိုယ်ထူကိုယ်ထအိမ်ရာ ချထားရေးကော်မတီ(မှော်ဘီမြို့နယ်)မှ ချမှတ်ပေးထားသော (၂၁-၅-၁၉၉၀) ရက်စွဲပါ ငွေရပြေစာအမှတ်စဉ်-(3020)၊ အိမ်ရာအဆင့် (WD)၊ အိမ်ရာကွက်အမှတ် (9) အကျယ်အဝန်းပေ (၄၀x၆၀)ရှိ ဒေါ်အမာအမည်ပေါက်စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားတရားဝင် ပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ရောင်းချသူ ဒေါ်အိအိအောင် (၁၂/မဂဒ(နိုင်)၁၃၁၂၂၃)၏ ဝန်ခံကတိပြုချက်အရ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်မေသန္တာစိုး (၁၂/ဒဂမ(နိုင်)၀၂၀၂၇၇)မှ ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၅) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ကိစ္စကိုပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မေသန္တာစိုး (၁၂/ဒဂမ(နိုင်)၀၂၀၂၇၇) ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နော်ထရီဇာအောင် (LL.B)** | **ဒေါ်ကေသီလွင် ( LL.B )** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် -၁၄၀၀၄)** | **အထက်တန်းရှေ့နေ (စဉ် - ၄၂၇၅၀)** |

**အမှတ် (F -13 )၊ အနော်ရထာလမ်း၊ တိုးချဲ့(၂)၊ မှော်ဘီမြို့နယ်၊ ဖုန်း - ၀၉-၉၆၀၃၂၅၈၈၆**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်း (၂၆) ရပ်ကွက်၊ ရွှေရတနာ (၃) လမ်း၊ အမှတ်(၇၆၁) နေ ဒေါ်သန္တာမြင့် (၈/နမန(နိုင်)၂၁၉၁၇၉)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ စိန်သံမဏိလမ်း၊ အမှတ် (၁၂၄၉/ခ) ဟုခေါ်တွင်သော အကျယ်အဝန်းပေ (၁၀x၆၀) ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်အုန်းကြည်အမည်ပေါက်မှစတင်၍ အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့သော ဒေါ်အေးအေးခိုင် (၇/ကတခ(နိုင်)၁၇၀၇၄၀) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက (၃၁-၁၂-၂၀၂၅) ရက်တွင် အပြီးအပိုင်ဝယ်ယူခဲ့ပြီး အဆိုပါမြေနှင့် အဆောက်အအုံအား လက်ရောက်ရယူပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် အဆောက်အအုံအား ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းသာလျှင် တရားဝင်အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သန္တာမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သံလွင်သော် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၁၀)**
**အမှတ် (၄၃/ခ)၊ B1၊ မန္တလေးလမ်း၊ (၁၆) ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၂၅၂၈၉၄၂၆၉**



## ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး သတ္တမအကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန် ရွှေမိုက်ထုတ် လေလံကြော်ငြာ

၁။ ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး ၏ ၂၀၂၅/၂၀၂၆ ခုနှစ် သတ္တမအကြိမ်မြောက် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေး ဘဏ္ဍာတော်ထိန်းဂေါပက၏ ရွှေမိုက်ထုတ် လေလံကြော်ငြာတွင် လျှောက်လွှာတင်သွင်းရမည့်နေ့ရက်ကို (၅-၁၂-၂၀၂၅) ရက်နေ့တွင်လည်းကောင်း လျှောက်လွှာနောက်ဆုံးတင်ရမည့် နေ့ရက်ကို (၂၀-၁၂-၂၀၂၅)နေ့ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ကြောင်း ကြော်ငြာထားရှိခဲ့ပါသည်။

၂။ အဆိုပါ ရွှေမိုက်ထုတ်ခြင်း လေလံလျှောက်ထားသူများမှ ရွှေမိုက်ထုတ်မည့် ဧရိယာအား (၇-၁-၂၀၂၆) နေ့မှ (၈-၁-၂၀၂၆) နေ့အထိ လေ့လာဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး (၉-၁-၂၀၂၆)နေ့ ရုံးချိန်အတွင်း လေလံအာမခံကြေးများအား ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ ရွှေမိုက်ထုတ်ခြင်းလေလံအား (၁၀-၁-၂၀၂၆) ရက်နေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ သတ်မှတ်ရက်များအတွင်း လေလံလျှောက်ထားသူများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်ခြင်းမပြုပါက လေလံလျှောက်ထားသူစာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

၅။ သိရှိလိုသောအချက်များအား ရုံးအဖွဲ့မှူး ဦးသန်းထွေး ၀၉-၇၉၂၃၃၀၂၆၆ နှင့် သတင်းနှင့်ပြန်ကြားရေး ဦးရဲထွန်း ၀၉-၂၅၄၅၈၀၉၉၅ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ အကွက်အမှတ်(၇)ခဲလယ်တောင်ရပ်၊ ဦးပိုင်အမှတ်(၄၂-ခ)၊ မြေဧရိယာ(၀ဒသမ၀၃၉)ဧကရှိ အိမ်မြေ၏ မြေဂရန်သက်တမ်းတိုးပေးရန် အမည်ပေါက်သူ ဦးစံလွင် ၉/မရတ(နိုင်)၀၄၀၂၁၃ က လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၃/ပဒေသာရပ်)၊ ဦးပိုင်အမှတ်(၁၈၁)၊ မြေဧရိယာ(၀ဒသမ၁၁၀)ဧကရှိ မြေအကျိုးခံစားခွင့်များကို ဒေါ်ကြူကြူဝင်း ၅/ဆလက(နိုင်)၀၃၄၂၈၇က အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း အထောက် အထားခိုင်လုံစွာဖြင့် ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံး လုပ်နည်းများနှင့်အညီ ပြီးစီးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁-J)၊ မြေကွက်အမှတ်(V-၁၁၄)၊ ဧရိယာ(၁ဒသမ၀၃၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၇)၊ စံပယ်လမ်း၊ (၈)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဒေါ်ခင်မေနှင့်သားသမီးများ၊ မမြင့်မြင့်၊ မောင်မြင့်တင်နှင့် မောင်ကျော်နိုင် အမည်ပေါက် နှစ်(၉၀)မြေငှားစာချုပ် (ဂရန်) မြေအား အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်အမှတ် ၂၀၀၀/၂၀၂၅ (၆-၃-၂၀၂၅)ဖြင့် ပိုင်ဆိုင်လာသူ ၁။ ဒေါ်မြင့်မြင့် ၁၂/ပဇတ(နိုင်) ၀၁၄၁၉၀၊ ၂။ ဦးနေထွဋ် ၁၂/ပဇတ(နိုင်) ၀၁၄၁၆၇၊ ၃။ ဒေါ်တင်မြတ်မိုး ၁၂/ပဇတ (နိုင်) ၀၁၅၁၀၂၊ ၄။ ဒေါ်တင်စိုးမိုး ၁၂/ပဇတ(နိုင်) ၀၁၄၄၈၅ ၊ ၅။ ဦးအေးမင်းထွဋ် ၁၂/ပဇတ(နိုင်)၀၁၄၂၇၀ တို့မှ နှစ်(၉၀)မြေငှားဂရန် (ဂရန်သက်ကုန်)မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ထောက်ခံချက်၊ ပုဇွန်တောင်မြို့မရဲစခန်းထောက်ခံချက်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာ ချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နှစ်(၉၀)မြေငှားဂရန် မိတ္တူတို့တင်ပြ၍ ဂရန် သက်တမ်းတိုးလျှောက်ထားလာခြင်းအပေါ် ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိခြင်းကြောင့် ဒေါ်မြင့်မြင့်၊ ဦးနေထွဋ်၊ ဒေါ်တင်မြတ်မိုး၊ဒေါ်တင်စိုးမိုး၊ ဦးအေးမင်းထွဋ်တို့၏ ဂရန်သက်တမ်းတိုး လျှောက်ထားလာခြင်းအား ခွင့်ပြုပြီးဖြစ်ပါသဖြင့် အမှုတွဲအမှတ်-တီအိပ်ချ်-၂၅၊ ၃၀ အရ (၄-၉-၁၉၃၀)ဖြင့် မူလကထုတ်ပေးခဲ့သည့် ဒေါ်ခင်မေနှင့်သားသမီးများ မမြင့်မြင့်၊ မောင်မြင့်တင်နှင့် မောင်ကျော်နိုင်အမည်ပေါက် မြေငှားစာချုပ်(ဂရန်)မူရင်း စာအုပ်အား ပယ်ဖျက်ပြီး ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး သတ္တမအကြိမ်မြောက် အရံစေတီတော်များ ရွှေဆေးသင်္ကန်းကပ်လှူခြင်းနှင့် ထီးတော်အသစ် တင်လှူခြင်းအတွက် အလှူရှင်များဖိတ်ခေါ်ခြင်း ကြော်ငြာ

၁။ ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး ၏ ၂၀၂၅/၂၀၂၆ ခုနှစ် သတ္တမအကြိမ်မြောက် လုံးတော်ပြည့် ရွှေစင်၊ ရွှေပြား၊ ရွှေသင်္ကန်းကပ်လှူရေး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ဆောင်ရွက်သွားမည်ဖြစ်ပြီး အရံစေတီ (၁၂၁) ဆူ ကိုလည်း ရွှေဆေးသင်္ကန်းနှင့် ထီးတော်အသစ်များ တင်လှူပူဇော်သွားမည် ဖြစ်ပါသည်။

၂။ အရံစေတီ ရွှေဆေးသင်္ကန်းကပ်လှူခြင်းနှင့် ထီးတော်အသစ် တင်လှူခြင်းအတွက် (၁) ဆူလျှင် ငွေကျပ် (၇) သိန်းနှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း ပဲခူးမြို့သူ၊ မြို့သားများနှင့် အများပြည်သူ အလှူရှင်များအား နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ကြော်ငြာအပ်ပါသည်။

**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**
**ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊မြို့သစ်မြို့နယ်၊ ဒန့်ဒလွန်ပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း Grade-10 တွင် ပညာသင်ကြားနေသော မသဲသဲဦး၏ ဖခင်အမည်မှန်မှာ ဦးမျိုးခိုင်ဝင်း ၈/တတက (နိုင်) ၂၁၄၆၆၀ ဖြစ်ပါကြောင်း။

**ဦးမျိုးခိုင်ဝင်း**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဝါးကြီးအိုင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း Grade-10 တွင် ပညာသင်ကြားနေသော မောင်အောင်ကျော်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမျိုးဝင်း ၈/မသန(နိုင်)၀၉၇၇၀၆ ဖြစ်ပါကြောင်း။

**ဦးမျိုးဝင်း**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့ နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် -၃၆. ဂျေ၊ မြေကွက်အမှတ် ၁၁၂/၄.၃၇-က ဟု ခေါ်တွင်သော ဒေါ်ခိုင်ပြည့်စုံကြိုင် အမည်ပေါက်ဖြင့် နှစ် (၆၀) ဂရန်ရရှိထားသည့် မြေဧရိယာ (၀.၂၀၉) ဧကရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်အတွင်းရှိ အဆောက်အအုံများ အားလုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

နှင့်

ရန်ကုန်တိုင်းဒေသကြီး ၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၃၆. ဂျေ၊ မြေကွက်အမှတ်- ၁၁၂/၄.၃၇ ဟု ခေါ်တွင်သော ဒေါ်ခိုင်ပြည့်စုံကြိုင် အမည်ပေါက်ဖြင့် နှစ် (၆၀) ဂရန်ရရှိထားသည့် မြေဧရိယာ (၀.၅၀၀) ဧကရှိ မြေကွက် နှင့်တကွ ယင်းမြေကွက်အတွင်းရှိ အဆောက်အအုံများအားလုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်ခိုင်ပြည့်စုံကြိုင် (ဘ)ဦးရွှေကြိုင် (၁၂/လသန(နိုင်)၀၂၁၅၆၉)က မိမိသာလျှင် တရားဝင်ပိုင်ဆိုင်သည်ဟု အခိုင်အမာ ပြောဆို၍ ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ မြေကွက်များအား ရောင်းချပိုင်ခွင့်ရှိပြီး အရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ၎င်းထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဂရန်မြေကွက်များနှင့်တကွ ယင်းမြေကွက်အတွင်းရှိ အဆောက်အအုံများအပါအဝင် အကျိုး ခံစားခွင့်အရပ်ရပ်တို့အား အရောင်း အဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ အကျိုးဆက်ခံသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါသည့်ရက်မှစ၍ (၇) ရက် အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ပြသ၍ ကန့်ကွက်နိုင်ပါသည်။ ယင်းသတ်မှတ်နေ့ရက်ကျော်လွန် ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးနန္ဒရှိန်(LL.B)** | **ဦးရဲလင်းထွန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်- ၁၄၉၃၈)** | **(စဉ်- ၄၂၄၃၇)** |

**ဒေါ်သန္တာအောင် (LL.B, D,M,L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၉၉၃၅)**
